# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 4 January 2026 ၁၂၀၅၂


### လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ငြိမ်းချမ်းရေးသဘောတရားနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးတန်ဖိုးတို့ကို အမှန်တကယ် လက်ခံကျင့်သုံးမှသာ ငြိမ်းချမ်းရေးနှင့် အေးချမ်းသာယာမှု အသီးအပွင့်ကို အပြည့်အဝခံစားကြရမည်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ ၂၀၂၆ ခုနှစ်၊ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား**

ယနေ့ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ မိဘပြည်သူများနှင့် တိုင်းရင်းသားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် တိုင်းရင်းသားလူမျိုးပေါင်းစုံ အေးအတူ ပူအမျှ သွေးစည်းညီညွတ်စွာ ယှဉ်တွဲနေထိုင်ခဲ့ကြသော အစဉ်အလာကြီးမားသည့် ပြည်ထောင်စုကြီးဖြစ်ပါသည်။ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ဘာသာစကားနှင့် ကိုးကွယ်ယုံကြည်မှုတို့ဖြင့် ကမ္ဘာ့အလယ်တွင် စည်းလုံးညီညွတ်စွာနှင့် ခံ့ညားထည်ဝါစွာ ရပ်တည်လာခဲ့သည့်နိုင်ငံ ဖြစ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ခေါင်းအုံးရိုက်ပြိုင်ပွဲ(အမျိုးသမီး) ပြိုင်ပွဲများ ကျင်းပစဉ်။

## ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများ၊ ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲများ၊ ပြေးခုန်ပစ်(အမျိုးသား/အမျိုးသမီး) မီတာ ၁၀၀၊ ၂၀၀၊ ၄၀၀၊ ၈၀၀ အပြေးပြိုင်ပွဲနှင့် ခေါင်းအုံးရိုက်(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများကို ယနေ့နံနက် ၇ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)၊ (၃)နှင့် (၄)တို့၌ ကျင်းပသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

### ယနေ့ ဖတ်စရာ


**အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း**

စာမျက်နှာ » ၂

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့**

စာမျက်နှာ » ၅

**သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်း**

စာမျက်နှာ » ၈

**ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း**

စာမျက်နှာ » ၁၄

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ**

စာမျက်နှာ » ၁၆

# အချုပ်အခြာအာဏာကိုထိန်းသိမ်း ဒီမိုကရေစီပန်းတိုင်သို့တက်လှမ်း

ယနေ့သည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၄ ရက် (တနင်္ဂနွေနေ့) (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ ဥပဓိရုပ်အင်္ဂါလေးရပ်နှင့် ကိုက်ညီပြီး အခြားနိုင်ငံများနှင့်တန်းတူရည်တူ ရပ်တည်နိုင်ရန် မြန်မာတို့ အသက်သွေးချွေးရင်းနှီးကာ ကြိုးပမ်းရယူခဲ့ရသော နေ့ထူးနေ့တစ်နေ့ဖြစ်သည်။ လွတ်လပ်ရေးသည် နိုင်ငံသားပြည်သူ လူ့အဖွဲ့အစည်း၏ လွတ်လပ်ခွင့်(ဝါ) လွတ်လပ်စွာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခွင့် (ဝါ) လွတ်လပ်ရေးနှင့် ဒီမိုကရေစီရေး အပြည့်အဝခံစားပိုင်ခွင့်ဖြစ်သည်။

လွတ်လပ်သောနိုင်ငံ၏ ဥပဓိရုပ်အင်္ဂါလေးရပ်ဆိုသည်မှာ (၁) နိုင်ငံပိုင်နက်နယ်မြေ(နိုင်ငံနယ်နိမိတ်)ရှိခြင်း၊ (၂) ယင်းနိုင်ငံမြေပေါ်၌ ပေါက်ဖွားရှင်သန်နေထိုင်သော နိုင်ငံသားပြည်သူ (လူဦးရေ)ရှိခြင်း၊ (၃) ယင်းနိုင်ငံမှ နိုင်ငံသားတို့တွင် မိမိတို့လူမျိုးများဖြင့် ဖွဲ့စည်းထားသော အစိုးရအဖွဲ့ရှိခြင်း၊ (၄) ယင်းနိုင်ငံသည် အချုပ်အခြာအာဏာပိုင်ဆိုင်မှု (ဝါ) လွတ်လပ်ရေးရှိခြင်းတို့ဖြစ်သည်။ နိုင်ငံမရှိလျှင် အခြေအနေမဲ့လူမျိုးများဖြစ်မည်၊ ယင်းမြေတွင် စည်းကမ်းတကျ စီမံကြီးကြပ်ကွပ်ကဲဆောင်ရွက်ပေးမည့် အစိုးရမရှိလျှင် နိုင်ရာစား ကြီးနိုင်ငယ်ညှဉ်း ထင်သလိုပြုကျင့်နှိပ်စက်သောမင်းမဲ့တိုင်းပြည်ဖြစ်မည်။

နိုင်ငံသားတို့တွင် လူအများစုကောင်းကျိုးကို လွတ်လပ်စွာ ဆုံးဖြတ်ဖော်ဆောင်ခွင့်မရှိလျှင် (ဝါ) အချုပ်အခြာအာဏာမပိုင်ဆိုင်လျှင် ထိုနိုင်ငံသည် လွတ်လပ်သောနိုင်ငံမဟုတ်၊ တိုင်းတစ်ပါးသားတို့က စိုးမိုးဖိနှိပ်ခြယ်လှယ်ခံရသော ကျွန်နိုင်ငံဖြစ်မည်။ ထို့ကြောင့် လွတ်လပ်သောနိုင်ငံတစ်နိုင်ငံတွင် နိုင်ငံ၏ဥပဓိရုပ်လေးရပ်နှင့် ကိုက်ညီပြီး အခြားနိုင်ငံများနှင့် တန်းတူရည်တူရပ်တည်နိုင်သောနိုင်ငံဖြစ်အောင် နိုင်ငံလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ကြရသည်။ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပြီး မိမိနိုင်ငံထွက် သယံဇာတများ၊ ထွက်ကုန်သီးနှံများဖြင့် ဝဝလင်လင်စားသောက်နေထိုင်ကာ ယုံကြည်ရာတို့ကို လွတ်လပ်စွာယုံကြည်လျက် အေးချမ်းစွာနေထိုင်နိုင်အောင် ဆောင်ရွက်ကြရသည်။

မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးရပြီးသည်မှာ (၇၈)နှစ်ရှိပြီဖြစ်သော်လည်း လွတ်လပ်ရေးနှင့် ထိုက်တန်သည့် အခွင့်အရေးများ အပြည့်အဝမရရှိသေးသည်မှာ လက်နက်ကိုင်ပဋိပက္ခများ၊ ပြည်ပမှ သွေးထိုးနှောင့်ယှက် စွက်ဖက်မှုများကြောင့်ဖြစ်သည်။ နိုင်ငံသားအချင်းချင်း စည်းလုံးညီညွတ်မှုကို ခိုင်မာစွာမတည်ဆောက်နိုင်သောကြောင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး လွတ်လပ်ရေးအသီးအပွင့်များကို တန်းတူညီမျှခံစားနိုင်ခွင့်မရရှိသေးသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအဆက်ဆက်က အဓိကကျသည့် ငြိမ်းချမ်းရေးကို တည်ဆောက်ပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းအောင်၊ နိုင်ငံတစ်ဝန်းလုံးသာယာဝပြောအောင်၊ ဒီမိုကရေစီအခွင့်အရေးများ တန်းတူညီမျှရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ပြောင်းလဲမှုများစွာကို ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။ မိတ်ဆွေနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို တိုးမြှင့်တည်ဆောက်နိုင်ခဲ့သည်။ ပြည်တွင်းထုတ်ကုန်များကို ပြည်ပဈေးကွက်ရရှိစေရေးနှင့် ပြည်တွင်း၌ အဓိကလိုအပ်နေသည့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA နှင့်အညီ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်နိုင်ခဲ့ပြီး အခြေခံအုတ်မြစ်များကို ချမှတ်ပေးနိုင်ခဲ့သည်။ တည်ဆဲအစိုးရကာလအတွင်း တွေ့ဆုံဆွေးနွေးမှုများမှ ရရှိလာသည့် အခြေခံအချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်နိုင်ရေးအတွက် အချက် ၄၃ ချက်ကို သဘောတူညီခဲ့ကြပြီးဖြစ်၍ လာမည့်လွှတ်တော်တွင်ဆွေးနွေးပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

လက်ရှိအစိုးရ နိုင်ငံ့တာဝန်ယူစဉ် ကာလတစ်လျှောက်လုံး နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ၂၀၂၅ ရွေးကောက်ပွဲပြီးသည့်ကာလတွင် ပေါ်ထွက်လာမည့်အစိုးရအား နိုင်ငံ့တာဝန်များ လွှဲပြောင်းပေးအပ်ပြီး ဒုတိယစာမျက်နှာကို အကောင်းဆုံးဖြစ်အောင် ထမ်းဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၆ ခုနှစ်တွင် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံသစ်အဖြစ် ပြန်လည်တည်ဆောက်နိုင်မည်ဟု ယုံကြည်ထားသည်။

သို့ဖြစ်ရာ ကြုံတွေ့ခဲ့သည်များကို သင်ခန်းစာယူပြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်ကြကာ နိုင်ငံနှင့်လူမျိုးကိုချစ်သည့်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်များကိုအခြေခံကာ အချင်းချင်းစည်းလုံးညီညွတ်မှု၊ နားလည်ယုံကြည်မှုများဖြင့် ဒီမိုကရေစီပန်းတိုင်သို့ အရောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင် ဆောင်ရွက်ရေး။

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် ဇန်နဝါရီ ၃

လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှမ်းနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းတို့၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် သတ္တမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၅.၁.၂၀၂၆ ရက်မှ ၁၃.၂.၂၀၂၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော အသက်(၁၄)နှစ်အထက် မူလတန်းပညာ အောင်မြင်ပြီးသူ သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၈၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း- ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၀၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း(စစ်တွေ)**
  မေယုလမ်း (လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှမ်း)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းမြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့ အနောက်ကွင်း၊ ထားဝယ်မြို့တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

## ၃ - ၁ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၀၀၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - အေးဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ကမ္ဘာတစ်ဝန်း လွှမ်းမိုးကြီးစိုးလာခဲ့သည့် ကိုလိုနီစနစ်ဆိုးကြောင့် မြန်မာနိုင်ငံသည် ဗြိတိသျှနယ်ချဲ့တို့၏ သုံးကြိမ်တိုင်တိုင် ကျူးကျော်ခြင်းခံခဲ့ရပြီး ၁၈၈၅ ခုနှစ်တွင် နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို လက်လွှတ်ဆုံးရှုံးခဲ့ရပါသည်။ နိုင်ငံ့စီးပွားအရင်းအမြစ်မှန်သမျှကို အရင်းရှင်နယ်ချဲ့နှင့်ဖက်ဆစ်တို့က သိမ်းပိုက်ပြီး အမျိုးမျိုးဖိနှိပ်အုပ်ချုပ်ခဲ့သည့်အတွက် မြန်မာပြည်သူများသည် သူ့ကျွန်ဘဝဖြင့် ဒုက္ခမျိုးစုံနှင့် ဆင်းရဲတွင်းနက်ခဲ့ကြပါသည်။

နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အသက်သွေးချွေးများစွာ စတေး၍ တိုက်ပွဲဝင်ခဲ့ကြသဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့ပြီး ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံသည် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်စိုးသော နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည်မှာ ယနေ့တွင် (၇၈)နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံကို သူ့ကျွန်ဘဝမှလွတ်မြောက်စေကာ တိုင်းတစ်ပါး၏ လွှမ်းမိုးချုပ်ကိုင်မှုကင်းရှင်းပြီး နိုင်ငံ၏အရေးကိစ္စအဝဝကို ကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက်နိုင်သည့် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်စိုးသော နိုင်ငံအဖြစ်သို့ ပြန်လည်ရောက်ရှိရန် နှစ်ပေါင်းတစ်ရာကျော် ခက်ခဲကြမ်းတမ်းစွာ တိုက်ပွဲဝင်ခဲ့ကြရပါသည်။ ကာလကြာရှည်စွာ ကြိုးစားရယူခဲ့ရသည့် လွတ်လပ်ရေးသည် လွဲမှားသည့် အတွေးအခေါ်၊ အယူအဆနှင့် လုပ်ဆောင်ချက်များကြောင့် တစ်ခဏအတွင်း လက်လွှတ်ဆုံးရှုံးရနိုင်သည်ကို ယခုအချိန်ကာလမျိုးတွင် သတိမူရမည်ဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား**

နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် ပေါ်ပေါက်လာခဲ့သော လက်နက်ကိုင်လမ်းစဉ်ချုပ်ငြိမ်းစေရန် ခေတ်အဆက်ဆက် အစိုးရများက နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ လူမျိုးစွဲ၊ ဝါဒစွဲ၊ အတ္တစွဲနှင့် ကိုယ်ကျိုးစီးပွားရှေ့တန်းတင်မှုတို့ကြောင့် နိုင်ငံတော်တွင် လက်နက်ကိုင်ပဋိပက္ခများ၊ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နိုင်ငံပိုင်အခြေခံအဆောက်အအုံများနှင့် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ကြရပါသည်။ လက်နက်စွဲကိုင်ပြီး မဖြစ်သင့်မဖြစ်ထိုက်သည်များကို တောင်းဆိုခြင်း၊ လက်နက်ကိုင်လမ်းစဉ်ကို ဖက်တွယ်ပြီး လူမျိုးစွဲ၊ ဒေသစွဲကြီးမားစွာဖြင့် မိမိတို့၏ဆန္ဒကိုသာ ရှေ့တန်းတင်ဦးစားပေး ဖန်တီးဆောင်ရွက်နေမှုများသည် မိမိတို့၏ ဒေသခံပြည်သူလူထုကို ဆင်းရဲတွင်းနက်စေရန် ဆောင်ရွက်နေခြင်းသာဖြစ်ပါသည်။ လက်ရှိဖြစ်ပေါ်နေသော သဘောထားကွဲလွဲမှုများနှင့် နိုင်ငံရေးပြဿနာများသည် ပြည်ထောင်စုကြီး အခွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို ထိခိုက်စေနိုင်ကြောင်း သတိချပ်ကြရမည်ဖြစ်ပါသည်။

> **❝ လက်နက်ကိုင်ပြဿနာများနှင့် ဆူပူအကြမ်းဖက်မှုများကြောင့် ထိခိုက်ဆုံးရှုံးမှုများသည် ဖွံ့ဖြိုးမှုအားနည်းသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင်သာ အများဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ တည်ငြိမ်အေးချမ်းမှုရှိလျှင် ဒေသဖွံ့ဖြိုးတိုးတက်မှုရှိမည်ဖြစ်ပါသည်။ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရှိမှသာ တိုင်းပြည်သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ကဏ္ဍစုံတွင်သာမက တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသစုံတွင်လည်း ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်နိုင်မည် ❞**

ယနေ့မျက်မှောက်ကာလတွင် တိုင်းရင်းသားညီအစ်ကိုများ စည်းလုံးညီညွတ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည်ကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပအဖျက်အမှောင့်အုပ်စုများက နည်းလမ်းပေါင်းစုံအသုံးပြု၍ နှောင့်ယှက်မှုအမျိုးမျိုး ပြုလုပ်နေသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။

ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဖြစ်ရာ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး **“ရေကိုသား၍ အကြားမထင်”** ဆိုသကဲ့သို့ စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံ့အရေးကို ရှေးရှုဆောင်ရွက်ကြမှသာ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်နိုင်သော တောင့်တင်းခိုင်မာသည့် နိုင်ငံတော်ကြီးအဖြစ် ရပ်တည်နိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လွတ်လပ်ရေးကြီး အခွန့်ရှည်ကြာ တည်တံ့ခိုင်မြဲစေရန် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံးဖြစ်သည့် **“ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး”**တို့ကို အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်အဖြစ် လေးနက်စွာခံယူပြီး ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ အစဉ်တစိုက်ထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား**

ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံ၏ ပကတိလိုအပ်ချက်သည် လက်နက်ကိုင်လမ်းစဉ်ချုပ်ငြိမ်းပြီး နိုင်ငံတစ်ဝန်း ထာဝရငြိမ်းချမ်းရေးပင်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးသည် ပဋိပက္ခများမရှိခြင်းဟူသော သဘောတရားထက် ပိုမိုလေးနက်မှုရှိပြီး ပြဿနာများကို ငြိမ်းချမ်းစွာဖြေရှင်းတတ်ခြင်း၊ မတူကွဲပြားမှုကို လေးစားတတ်ခြင်းနှင့် တစ်ဦးကိုတစ်ဦး နားလည်သည်းခံခွင့်လွှတ်ခြင်းတို့အပေါ်တွင် အခြေခံပါသည်။ ငြိမ်းချမ်းရေးသဘောတရားနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးတန်ဖိုးတို့ကို အမှန်တကယ် လက်ခံကျင့်သုံးမှသာ ငြိမ်းချမ်းရေးနှင့် အေးချမ်းသာယာမှုအသီးအပွင့်ကို အပြည့်အဝခံစားကြရမည်ဖြစ်ပါသည်။

ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်မှုသည် လူတစ်ဦးချင်းစီ၏ အသိဉာဏ်ပညာပြည့်ဝမှု၊ ဆင်ခြင်တုံတရားရှိမှု၊ တန်ဖိုးထားလေးစားတတ်မှုများပေါ်တွင် မူတည်ပါသည်။ ထို့ကြောင့် နိုင်ငံသားတိုင်း ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာ၊ ဗဟုသုတနှင့် ဆင်ခြင်တုံတရားရရှိစေရေးအတွက် ပညာသင်ယူရာ နေရာအသီးသီးမှအစပြု၍ လေ့ကျင့်ပျိုးထောင်ပြီး ငြိမ်းချမ်းရေးနှင့် အမျိုးသားရေးစိတ်ဓာတ်များ မွေးမြူကြရမည်ဖြစ်ပါသည်။

ပြည်ထောင်စုကြီးအတွင်း အယူအဆလွဲမှားမှုများကြောင့် ငြိမ်းချမ်းရေးကို ထိခိုက်ပျက်စီးစေလျက်ရှိသဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပတ်သက်ဆက်နွှယ်သူများအားလုံးက အပြုသဘောဖြင့်ပါဝင်ရန် လိုအပ်ပါသည်။ ငြိမ်းချမ်းရေးကို အမှန်တကယ် လိုလားသည့်ဆန္ဒဖြင့် ငြိမ်းချမ်းစွာညှိနှိုင်းလိုမှု၊ အပြန်အလှန် နားလည်ယုံကြည်မှု၊ ပွင့်လင်းမြင်သာမှု၊ စိတ်ရှည်သည်းခံမှုများရှိကြမှသာ စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးကို ရေရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံ့အကျိုးအတွက် ဆောင်ရွက်ရာတွင် ညှိနှိုင်းဆွေးနွေးအဖြေရှာသည့် နိုင်ငံရေးယဉ်ကျေးမှုကို ပိုမိုခိုင်မာအားကောင်းစေရေး ဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်ပါသည်။

လက်နက်ကိုင်ပြဿနာများနှင့် ဆူပူအကြမ်းဖက်မှုများကြောင့် ထိခိုက်ဆုံးရှုံးမှုများသည် ဖွံ့ဖြိုးမှုအားနည်းသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင်သာ အများဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ တည်ငြိမ်အေးချမ်းမှုရှိလျှင် ဒေသဖွံ့ဖြိုးတိုးတက်မှုရှိမည်ဖြစ်ပါသည်။ ပြည်တွင်း တည်ငြိမ်အေးချမ်းမှုရှိမှသာ တိုင်းပြည်သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ကဏ္ဍစုံတွင်သာမက တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသစုံတွင်လည်း ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတပေါကြွယ်ဝသည့်အပြင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ကောင်းမွန်သော ရေခံ၊ မြေခံများရှိပြီးဖြစ်သည့်အတွက် တည်ငြိမ်အေးချမ်းမှုရှိလာပါက ခေတ်အဆက်ဆက် ဖွံ့ဖြိုးမှုနောက်ကျနေသည့် ဒေသများတွင် ကျေးလက်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲကေန်ပင် ဖြစ်ပါသည်။ တည်ငြိမ်အေးချမ်းမှုအားနည်းခြင်းကြောင့် ဖွံ့ဖြိုးမှုနောက်ကျနေသည့် ဒေသခံပြည်သူလူထု၏ မျက်နှာကိုကြည့်ကာ သက်ဆိုင်သူအားလုံးက ထောက်ထားစာနာမှုဖြင့် ဝိုင်းဝန်းကြိုးပမ်းပေးကြရန် လိုအပ်ပါသည်။

ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရေး၊ ထာဝရငြိမ်းချမ်းရေးတို့အတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ ကတိကဝတ်များအတိုင်း လေးစားလိုက်နာပြီး သက်ဆိုင်သူများအားလုံး ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

သို့ဖြစ်၍ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

> **❝ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့်လည်း မိမိတို့အကျိုးစီးပွားကို အမှန်တကယ် ဆောင်ရွက်သယ်ပိုးနိုင်မည့်၊ မိမိလူမျိုး၊ မိမိဒေသနှင့် နိုင်ငံ့အကျိုးအလေးထားမည့် ပုဂ္ဂိုလ်များကို ရွေးချယ်သွားနိုင်ကြရန် လိုအပ်ပါသည်။ လွတ်လပ်မှုနှင့် တရားမျှတမှုကို ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်ကာ မဲပေးသည့်အလေ့အထကို ဒီမိုကရေစီစနစ်ထွန်းကားရှင်သန်ရေးအတွက် လေ့ကျင့်မွေးမြူကြရမည် ❞**

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲမသမာမှုကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်ကိုအရေးပေါ်အခြေအနေကြေညာခဲ့ရပြီး နိုင်ငံတော်တာဝန်များကို တပ်မတော်က ခေတ္တထိန်းသိမ်းရယူခဲ့ရပါသည်။ ထိုသို့ တာဝန်ယူစဉ်ကာလအတွင်း ပြည်ထောင်စုတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အသစ်ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းစစ်ဆေးခြင်းများအပါအဝင် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ စနစ်တကျ ပြန်လည်ကျင်းပနိုင်ရန် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကောက်ယူခဲ့ပြီး ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်း မှန်ကန်စေရေးအတွက် မဲပေးပိုင်ခွင့်ရှိသူစာရင်းပြုစုခြင်းကို အလေးထားဆောင်ရွက်ခဲ့ပါသည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေကို ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း (၁)ကို ဥပဒေနှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်သည့်အပြင် လာမည့် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ရွေးကောက်ပွဲအပိုင်း (၂)ကိုကျင်းပမည်ဖြစ်ကာ ရွေးကောက်ပွဲအပိုင်း(၃)ကိုလည်း သတ်မှတ်ရက်အတိုင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ၏ လျှို့ဝှက်မဲပေးခြင်းကို အာမခံချက်အပြည့်ရှိစေရန် မြန်မာအီလက်ထရောနစ်မဲပေးစက် Myanmar Electronic Voting Machine (MEVM)ကို အသုံးပြုလျက်ရှိပါသည်။

မဲအများဆုံးရသူ အနိုင်ယူစနစ်(FPTP)နှင့် ရောနှောထားသော ကိုယ်စားလှယ် အချိုးကျစနစ် (MMP)များ ကျင့်သုံးပြီး တရားမျှတမှု၊ မြင့်မားသောဆန္ဒမဲခွဲဝေမှုနှင့် ပေါင်းစပ်တည်ငြိမ်မှုကောင်းသော အစိုးရအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲရလဒ်များအရ ပေါ်ထွက်လာမည့်အစိုးရအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်များကို လွှဲအပ်သွားမည်ဖြစ်ပါသည်။

တိုင်းရင်းသားများ၏ ဆန္ဒနှင့် လိုလားချက်များကို ဒီမိုကရေစီနည်းလမ်းတကျ ဆောင်ရွက်ပေးနိုင်ရန် လွှတ်တော်အတွင်း တိုင်းရင်းသားကိုယ်စားလှယ်များ စုံစုံညီညီရောက်ရှိလာရန် လိုအပ်ပါသည်။ သို့မှသာ လူမျိုးစုအလိုက် လိုလားချက်များ၊ ရည်မှန်းချက်များကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးကာ စုပေါင်းဆုံးဖြတ် အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့်လည်း မိမိတို့အကျိုးစီးပွားကို အမှန်တကယ်ဆောင်ရွက်သယ်ပိုးနိုင်မည့်၊ မိမိလူမျိုး၊ မိမိဒေသနှင့် နိုင်ငံ့အကျိုးအလေးထားမည့် ပုဂ္ဂိုလ်များကို ရွေးချယ်သွားနိုင်ကြရန် လိုအပ်ပါသည်။ လွတ်လပ်မှုနှင့် တရားမျှတမှုကို ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်ကာ မဲပေးသည့်အလေ့အထကို ဒီမိုကရေစီစနစ် ထွန်းကားရှင်သန်ရေးအတွက် လေ့ကျင့်မွေးမြူကြရမည် ဖြစ်ပါသည်။

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

သို့ဖြစ်၍ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားရေရှည်တိုးတက်စေရေးကို အလေးထားပြီး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် လွတ်လပ်မှုနှင့် တရားမျှတမှုကို ဥပဒေစည်းမျဉ်း စည်းကမ်းများနှင့်အညီ ရယူအသုံးချလျက် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ကြပါရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား**

နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံ၏စီးပွားရေးအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုအပေါ် မူတည်ပါသည်။ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများမှတစ်ဆင့် ဒေသတွင်းဝင်ငွေတိုးစေရေးကိုလည်း အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်းသုံးစွဲမှုဖူလုံရေး၊ သွင်းကုန်အစားထိုးရေး၊ ပြည်ပဈေးကွက်သို့ထိုးဖောက်တင်ပို့ရေးတို့အတွက် ဒေသတွင်းထွက်ရှိသော ကုန်ကြမ်းကိုအခြေခံသည့် MSME လုပ်ငန်းများ၏ ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုစသည့်ကဏ္ဍအသီးသီးတွင် ထိရောက်စွာ ပံ့ပိုးပေးလျက်ရှိပါသည်။ စီးပွားရေးမြှင့်တင်ရာတွင် ကုန်ထုတ်လုပ်မှု စွမ်းဆောင်ခြင်းသည် အရေးကြီးပါသည်။ ကုန်ထုတ်လုပ်မှုမှ ရောင်းကုန်မြှင့်တင်နိုင်ပါသည်။ သို့ဖြစ်၍ ကုန်ထုတ်လုပ်မှု အားပေးဆောင်ရွက်ရန်လိုသဖြင့် “နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့” ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

အလားတူ နိုင်ငံတော်အစိုးရအနေဖြင့် MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံတကာဈေးကွက်သို့ ပိုမိုချိတ်ဆက်နိုင်ရန်အတွက် နည်းပညာအသုံးပြုမှုများ၊ ဒစ်ဂျစ်တယ်ဈေးကွက်နှင့်ဆက်သွယ်မှု၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍပူးပေါင်းမှု၊ ချေးငွေနှင့် နည်းပညာပံ့ပိုးမှုတို့ကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်တွင်းထွက်ကုန်ပစ္စည်းများကို နိုင်ငံအတွင်း စားရေရိက္ခာဖူလုံမှုအတွက် အဓိကထားထုတ်လုပ်ရမည်ဖြစ်ပြီး ထိုမှတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတော်၏ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးကို အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region–One Product) စီမံကိန်းချမှတ်၍ ဒေသအလိုက် သဘာဝထွက်ကုန်များကို အသုံးပြုပြီး ခေတ်မီနည်းစနစ်များဖြင့် နိုင်ငံ၏ကုန်ထုတ်လုပ်မှုကဏ္ဍတိုးတက်လာစေရန်နှင့် နိုင်ငံခြားသွင်းကုန်အစားထိုးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်သွားကြရမည်ဖြစ်ပါသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို အသိပညာ၊ အတတ်ပညာရှိသူများဖြင့်သာ တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံသားတိုင်း အနည်းဆုံး KG+9 ပြီးမြောက်အောင်မြင်သည်အထိ ပညာသင်ယူခွင့်ရရှိရေးအတွက် အခမဲ့ပညာရေးစနစ်နှင့် ဘက်စုံပညာရေးစနစ်ကို ကျင့်သုံးလျက်ရှိပါသည်။ ဆရာ ဆရာမများ တိုးမြှင့်ခန့်ထားရေးနှင့် လိုအပ်သော စာသင်ဆောင်များ၊ စာကြည့်တိုက်များ၊ သင်ထောက်ကူပစ္စည်းများ၊ ရေသန့်စက်များ၊ အားကစားကွင်းများ ဖြည့်ဆည်းပေးလျက်ရှိပါသည်။ KG+9 ပြီးမြောက်အောင်မြင်သူများ အသက်မွေးဝမ်းကျောင်းမှုပညာများ သင်ယူနိုင်ရန် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၈၉ ကျောင်းကိုလည်း ဖွင့်လှစ်ထားရှိပြီး လူသားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိပါသည်။ ကျောင်းနေအရွယ်လူငယ်တိုင်း ကျောင်းနေရေး၊ အချိန်မတိုင်မီ ကျောင်းထွက်မှုမရှိရေး၊ ပညာရေးကို ဆုံးခန်းတိုင်သင်ယူပြီး ကျွမ်းကျင်သူများ၊ ပညာရှင်များ၊ ပါရဂူများဖြစ်အောင် သင်ကြားသင်ယူမွေးထုတ်ပေးနိုင်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ရေးအတွက် ရောဂါကြိုတင်ကာကွယ်ရေး၊ ရောဂါဖြစ်ပွားလာပါက အရည်အသွေးပြည့်ဝသည့် ဆေးဝါးကုသမှုပေးနိုင်ရေးနှင့် “**ဆေးရုံတိုင်း ဆရာဝန် ရှိရမည်**”ဟူသော မူဝါဒနှင့်အညီ ဆေးရုံများတွင် ကျန်းမာရေးဝန်ထမ်းများ လုံလောက်စေရေး ဖြည့်ဆည်းပေးလျက်ရှိပါသည်။ လူသားအားလုံးအတွက် ပညာရေးနည်းတူ ကျန်းမာရေးသည်လည်း အဓိကကျသဖြင့် လူတိုင်းအသက်ရှည်ကျန်းမာအောင် ကိုယ်တိုင်ကျင့်ကြံနေထိုင်ကြရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှု၊ ကုသမှု၊ အသိပညာပေးမှုများကိုလည်း မြှင့်တင်ဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား**

၂၀၂၆ ခုနှစ်၊ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက် (၄)ရပ်ဖြစ်သော–

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊
- လွတ်လပ်မှုနှင့် တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး၊
- ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင် ဆောင်ရွက်ရေး၊

စသည်တို့ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကျရာအခန်းကဏ္ဍမှ စည်းလုံးညီညွတ်စွာ တက်ညီလက်ညီ အကောင်အထည်ဖော်ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်လျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ယာယီသမ္မတ**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်လုံခြုံရေးနှင့်**
**အေးချမ်းသာယာရေးကော်မရှင်**

○ ၂၀၂၆ ခုနှစ်မှ

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် နံနက် ၈ နာရီမှစတင်၍ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ လွန်ဆွဲ(အမျိုးသမီး) ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့အသင်းက နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ လွန်ဆွဲ(အမျိုးသား) ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာန အသင်းက ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

အလားတူ လေ့ကျင့်ရေးကွင်းအမှတ်(၄)၌ ကျင်းပလျက်ရှိသည့် ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး (အမျိုးသမီး)ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို(၂၄)မှတ် (၀)မှတ်ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို ၁၈ မှတ် ခြောက်မှတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။



၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အပြေးပြိုင်ပွဲများ ကျင်းပစဉ်။

ယင်းနောက် လေ့ကျင့်ရေးကွင်းအမှတ်(၄)၌ ဝန်ကြီးဌာနပေါင်းစုံ ခေါင်းအုံးရိုက် (အမျိုးသား/ အမျိုးသမီး)ပြိုင်ပွဲများနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်(အမျိုးသား/ အမျိုးသမီး) မီတာ ၁၀၀၊ ၂၀၀၊ ၄၀၀၊ ၈၀၀ အပြေးပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ခေါင်းအုံးရိုက်အမျိုးသား ပြိုင်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ နိုင်မင်းသန့်က ပထမ၊ ပြည်ထဲရေး ဝန်ကြီးဌာနမှ ရှင်းသန့်တိုးက ဒုတိယနှင့် တိန်မင်းလွင်က တတိယ၊ ခေါင်းအုံးရိုက်အမျိုးသမီး ပြိုင်ပွဲတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ဖြူဖြူအောင်က ပထမ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဇေရီဝင်းမြင့်က ဒုတိယနှင့် သွယ်သွယ်ဝင်းက တတိယ၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ကာကွယ်ရေး ဝန်ကြီးဌာနမှ နွေဦးခိုင်က ပထမနှင့် အိအိဖြိုးတို့က ဒုတိယ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ကေဇင်ဖြိုးက တတိယ၊ အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ကောင်းဆက်ဇော်က ပထမ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဇော်ဇော်ထွဋ်က ဒုတိယ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တိုးဝေအောင်က တတိယ၊ အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ နွေဦးခိုင်က ပထမ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အေးစန္ဒာဝင်းက ဒုတိယနှင့် ခိုင်သဇင်ဦးက တတိယ၊ အမျိုးသား မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ကောင်းဆက်ဇော်က ပထမ၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ မျိုးကိုကိုက ဒုတိယနှင့် ဇော်ဇော်ထွဋ်က တတိယ၊ အမျိုးသမီး မီတာ ၄၀၀ ပြိုင်ပွဲတွင် ကာကွယ်ရေး ဝန်ကြီးဌာနမှ လိမာဖိုးက ပထမနှင့် ဖြူဖြူထွေးက ဒုတိယ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ မိုးမိုးဇော်က တတိယ၊ အမျိုးသား မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ပြည်ထဲရေး ဝန်ကြီးဌာနမှ ထွန်းလင်းဦးက ပထမ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဟန်မင်းစိုးက ဒုတိယ၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ စိုင်းဝေဖြိုးလင်းက တတိယ၊ အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ နှင်းရွှေရည်က ပထမ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ထားသဉ္ဇာအေးက ဒုတိယ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ခိုင်ဖူးဝေက တတိယ၊ အမျိုးသား မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ သော်တာထွန်းက ပထမ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ စိန်ထွန်းက ဒုတိယ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ လှမြင့်သိန်းက တတိယဆုရရှိခဲ့ကြသူများအား ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၄)၌ ထုပ်ဆီးတိုး (အမျိုးသမီး)ပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်း၊ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ လေ့ကျင့်ရေး ကွင်းအမှတ်(၃)၌ ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ(အမျိုးသမီး)ပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်း၊ ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ(အမျိုးသား)ပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်အဖြစ် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်း၊ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

နေပြည်တော်　ဇန်နဝါရီ　၃

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယအတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း ဖော်ပြအပ်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အပြန်အလှန်လေးစားမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကိုအခြေခံသည့် ရှည်ကြာသောဆက်ဆံရေးကို ထိန်းသိမ်းထားလျက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် အပြုသဘောဆောင်သော ထိတွေ့ဆက်ဆံမှု၊ အထူးသဖြင့် အာဆီယံမူဘောင်အတွင်း ထိတွေ့ဆက်ဆံမှုကို ဆက်လက်တန်ဖိုးထားလျက်ရှိပါကြောင်းနှင့် မြန်မာပြည်သူများ၏ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ကောင်းကျိုးချမ်းသာကို ဆောင်ကြဉ်းပေးမည့် ကြိုးပမ်းဆောင်ရွက်ချက်များကို ပံ့ပိုးကူညီသွားမည်ဖြစ်ပါကြောင်း ထပ်လောင်းအတည်ပြုပါသည်။

ယခုကဲ့သို့ မင်္ဂလာရှိသည့်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မြန်မာပြည်သူများ၏ တိုးတက်သာယာဝပြောမှုအတွက် ဆုမွန်ကောင်းများပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် နွေးထွေးလှိုက်လှဲစွာဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

မိမိတို့နှစ်ဦးအကြား မတ်လနှင့် မေလအတွင်း ဆွေးနွေးခဲ့မှုများသည် ရုရှား-မြန်မာဆက်ဆံရေး၏ ချစ်ကြည်ရင်းနှီးသောပြယုဂ်ကို ဖော်ပြလျက်ရှိပါသည်။ မိမိတို့၏ လက်တွဲကြိုးပမ်းမှုများဖြင့် နှစ်နိုင်ငံအကြား ကဏ္ဍစုံတွင် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်စဉ်ဆက်မပြတ်ပြုလုပ်၍ နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းစေရေး၊ အာရှ-ပစိဖိတ်ဒေသ လုံခြုံရေးနှင့်တည်ငြိမ်ရေးခိုင်မာစေရေးတို့အတွက် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါသည်။

အခွင့်အခါကြုံခိုက် ၂၀၂၆ ခုနှစ်၊ နှစ်သစ်အခါသမယတွင် အဆွေတော်အား ချစ်ကြည်ရင်းနှီးစွာ နှုတ်ဆက်ဆုတောင်းအပ်ပါသည်။ အဆွေတော် ကျန်းမာအောင်မြင်ပါစေကြောင်းနှင့် မြန်မာပြည်သူများ အေးချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန္ဒား ဘယ်ဂ်လော့ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

စိန့်ပီတာစဘတ်ဒေသအစိုးရကိုယ်စား မိမိအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် ကာလရှည်ကြာစွာ ကြိုးပမ်းလာခဲ့ပါသည်။ ယနေ့အချိန်တွင် လွတ်လပ်သောမြန်မာနိုင်ငံကို တည်ထောင်ခဲ့သောသူများထံမှ လက်ဆင့်ကမ်းတာဝန်ယူသူများသည် အမိနိုင်ငံနှင့် နိုင်ငံသားများအတွက် ဂုဏ်သိက္ခာရှိစွာဖြင့် ဆက်လက်တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

အဆွေတော်၏ ဉာဏ်အမြော်အမြင်ကြီးသော ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံသည် ကဏ္ဍစုံတွင် အောင်မြင်တိုးတက်လျက်ရှိပါသည်။ အဆွေတော်အနေဖြင့် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် မြန်မာနိုင်ငံ၏အနာဂတ်ကို မျှော်မှန်းထားသည့်အတွက် ဝမ်းမြောက်မိပါသည်။

မြန်မာနိုင်ငံနှင့် စိန့်ပီတာစဘတ်ဒေသတို့အကြား ခင်မင်ရင်းနှီးပြီး အပြုသဘောဆောင်သည့်ဆက်ဆံရေးသည် အထူးဂုဏ်ယူဖွယ်ဖြစ်ပါသည်။ ၂၀၂၅ ခုနှစ် မတ်လက အဆွေတော်၏ ရုရှားနိုင်ငံသို့ တရားဝင်ခရီးစဉ်အတွင်း စိန့်ပီတာစဘတ်မြို့သို့ လာရောက်လည်ပတ်ခဲ့ပါသည်။ မိမိတို့အကြား နွေးထွေးကောင်းမွန်သည့်တွေ့ဆုံမှုများကို ပြန်လည်အမှတ်ရမိပါသည်။ နေပြည်တော်နှင့် ရန်ကုန်မြို့တို့၌ အောက်တိုဘာလက အောင်မြင်စွာကျင်းပခဲ့သည့် စိန့်ပီတာစဘတ်နေ့ အခမ်းအနားအတွက် အဆွေတော်မှ ထောက်ပံ့ပေးမှုများကို ကျေးဇူးတင်ရှိပါသည်။

ယခုလများအတွင်း မြန်မာနိုင်ငံအနေဖြင့် အထွေထွေရွေးကောက်ပွဲကို ကျင်းပလျက်ရှိပြီး မြန်မာပြည်သူများက နိုင်ငံ၏ အနာဂတ်ကို ဆုံးဖြတ်ပေးတော့မည်ဖြစ်ပါသည်။

ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ပါစေကြောင်း၊ နိုင်ငံ၏ အကျိုးစီးပွားအတွက် အောင်မြင်မှုအသစ်များရရှိပါစေကြောင်းနှင့် အဆွေတော်နှင့် မြန်မာပြည်သူများအားလုံး ငြိမ်းချမ်း၊ ရွှင်လန်း၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရုရှား-မြန်မာ ဆက်ဆံရေး နှစ်စဉ်တိုးတက်ခိုင်မာပါစေကြောင်း ဆုတောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်ဒေသအစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ မစ္စတာ ရယ်ဂန်းနီး ဂရီဂေါ်ရက်ဗ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း စိန့်ပီတာစဘတ်ဒေသအစိုးရကိုယ်စား မိမိအနေဖြင့် ပြောကြားလိုပါသည်။

နိုင်ငံတိုင်း၏သမိုင်းတွင် လွတ်လပ်ရေးနေ့သည် အထွတ်အမြတ်ထားသည့် နေ့ရက်ဖြစ်ပါသည်။ အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံကို တည်ထောင်ခဲ့သူများ၏ နောင်လာနောက်သားများသည် နိုင်ငံကို အနာဂတ်တွင် ယုံကြည်ချက်ရှိစွာဖြင့် ရပ်တည်နိုင်ရန် ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံ၏သူရဲကောင်းများကို အမှတ်ရလျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ၎င်း၏သမိုင်းကြောင်းနှင့် ကြွယ်ဝသည့်ယဉ်ကျေးမှုတို့ကိုဂုဏ်ယူနိုင်သည့် နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံသည် နိုင်ငံတကာကိစ္စရပ်များတွင် ယုံကြည်အားထားရသည့် မိတ်ဖက်နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံ၌ စိန့်ပီတာစဘတ်နေ့အခမ်းအနားကို အောင်မြင်စွာကျင်းပခဲ့ပါသည်။ မြန်မာပြည်သူများအနေဖြင့် မိမိတို့၏ သာယာလှပသည့်မြို့နှင့် ရုရှားနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာခွင့်ရရှိခဲ့သည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်မိပါသည်။ ယင်းကို အဆွေတော်၏ကူညီပံ့ပိုးပေးမှုကြောင့် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ စိန့်ပီတာစဘတ်မှ ကိုယ်စားလှယ်အဖွဲ့ လာရောက်စဉ် နွေးထွေးစွာကြိုဆိုခဲ့သည့်အတွက် များစွာကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။

ယခုကာလအတွင်း မြန်မာနိုင်ငံ၏အနာဂတ်ကို ဆုံးဖြတ်ပေးမည့် အထွေထွေရွေးကောက်ပွဲကို ကျင်းပလျက်ရှိပါသည်။ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ပါစေကြောင်း၊ မြန်မာနိုင်ငံ၏ အကျိုးစီးပွားအတွက် အောင်မြင်မှုအသစ်များ ရရှိပါစေကြောင်းနှင့် မြန်မာပြည်သူများအားလုံး ငြိမ်းချမ်း၊ သာယာဝပြော၍ ပျော်ရွှင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများအားလုံးအား ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

၂၀၂၅ ခုနှစ်ကာလအတွင်း ဘယ်လာရုစ်-မြန်မာဆက်ဆံရေး အရှိန်အဟုန်မြှင့်တင်ခဲ့ခြင်းသည် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ဦးစားပေးတိုးမြှင့်ခြင်းကို အလေးထားဖော်ပြလျက်ရှိပါသည်။

ယခုနှစ်အတွက် မိမိတို့၏ဘုံရည်မှန်းချက်မှာ နှစ်နိုင်ငံခေါင်းဆောင်များ၏ ခရီးစဉ်များ၊ အခမ်းအနားများတွင် နှစ်ဖက်သဘောတူချုပ်ဆိုခဲ့သည့် စာချုပ်ပါအချက်များကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးဖြစ်ပါသည်။

ယမန်နှစ်၊ နိုဝင်ဘာလကုန်ပိုင်းတွင် နေပြည်တော်၌ အဆွေတော်နှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းနှင့် မိမိအပေါ်ဧည့်ဝတ်ကျေပွန်ခဲ့ခြင်းကို အမှတ်ရမိပါသည်။ အဆွေတော်နှင့် ဘယ်လာရုစ်နိုင်ငံ၊ မြန်မာနိုင်ငံ၊ နိုင်ငံတကာဖိုရမ်တို့တွင် ထပ်မံတွေ့ဆုံရန် မျှော်လင့်မိပါသည်။

ယခုအခါသမယတွင် အဆွေတော် ကျန်းမာ၍ လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုများရရှိပါစေကြောင်းနှင့် မြန်မာပြည်သူများအားလုံး ငြိမ်းချမ်း၍ စည်းလုံးညီညွတ်မှုများရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှဗ်ကတ် မဲဇီယိုယက်ဗ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုမွန်ကောင်းပို့သအပ်ပါကြောင်း ပြောကြားလိုပါသည်။

မိမိတို့၏ တူညီသောရည်မှန်းချက်နှင့် မဆုတ်မနစ်သောကြိုးပမ်းမှုများမှတစ်ဆင့် နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းပြီး ရေရှည်ပူးပေါင်းဆောင်ရွက်နိုင်မည့် ဆက်ဆံရေးသည် အနာဂတ်တွင် ဆက်လက်ဖွံ့ဖြိုးတိုးတက်သွားမည်ဟု ယုံကြည်ပါသည်။

အခွင့်အခါကြုံခိုက် အဆွေတော် ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် နိုင်ငံ့တာဝန်များထမ်းဆောင်ရာတွင် အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

စာမျက်နှာ ၆ သို့ ☆

☆ စာမျက်နှာ ၅ မှ

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကာစင် ဂျိုမတ် တိုခါယက်ဗ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုမွန်ကောင်းပို့သအပ်ပါသည်။

ယခုသမိုင်းဝင်နေ့သည် မြန်မာလူမျိုးများ၏ စည်းလုံးညီညွတ်မှုအင်အားကို ထင်ရှားစွာပြသသည့် အထိမ်းအမှတ်ပြယုဂ်တစ်ခုဖြစ်ပြီး နိုင်ငံ၏လွတ်လပ်ရေး၊ တည်ငြိမ်သောဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် ပြတ်သားစွာသက်သေတည်ခဲ့သည့်နေ့လည်း ဖြစ်ပါသည်။ လွတ်လပ်ရေး၏တန်ဖိုးသည် နိုင်ငံ၏အရေးပါမှုကို ပေးစွမ်းနိုင်ပြီး အနာဂတ်ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်ရန် လမ်းဖွင့်ပေးပါသည်။

မိမိအနေဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုတို့ကိုအခြေခံထားသော ပူးပေါင်းဆောင်ရွက်မှုများအတွက် ကျေးဇူးတင်ရှိပါသည်။ ယင်းပူးပေါင်းဆောင်ရွက်မှုသည် ယုံကြည်မှုအပေါ်အခြေခံပြီး ဆက်လက်ခိုင်မာစွာ တည်ရှိစေရေးအတွက်လည်း အလားအလာကောင်းများ တည်ရှိနေပါသည်။ ကာဇက်စတန်နိုင်ငံသို့ လာရောက်ခဲ့သည့် အဆွေတော်၏ခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရန်အတွက် ခိုင်မာသည့်တွန်းအားဖြစ်ခဲ့ပါသည်။ မိမိတို့၏ အတူတကွကြိုးပမ်းမှုများသည် နှစ်နိုင်ငံပြည်သူများ သာယာဝပြောရေးအတွက် ဆက်လက်အထောက်အကူပြုမည်ဟု ယုံကြည်ပါသည်။

အဆွေတော် နိုင်ငံ့တာဝန်များထမ်းဆောင်ရာတွင် အောင်မြင်မှုများ ရရှိပါစေကြောင်းနှင့် ရင်းနှီးဖော်ရွေသော မြန်မာပြည်သူများ ငြိမ်းချမ်းသာယာဝပြော၍ ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆင်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခါသမယတွင် ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်နှင့် ကမ္ဘောဒီးယားပြည်သူ့ပါတီကိုယ်စား မိမိအနေဖြင့် အဆွေတော်၊ မြန်မာနိုင်ငံ၏အစိုးရအဖွဲ့နှင့် ခင်မင်ရင်းနှီးဖွယ်ကောင်းသည့် မြန်မာပြည်သူများအား လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုမွန်ကောင်းပို့သအပ်ပါကြောင်း ပြောကြားလိုပါသည်။

မြန်မာနိုင်ငံ၏ ခိုင်မာသောသန္နိဋ္ဌာန်၊ ခံနိုင်ရည်ရှိမှုနှင့် ပြည်သူများ၏ ကောင်းကျိုးချမ်းသာနှင့် သာယာဝပြောမှုတို့အပေါ် ကတိကဝတ်များကို အသိအမှတ်ပြုပါသည်။ မိမိအနေဖြင့် တူညီသည့်ယဉ်ကျေးမှုနှင့် ဘာသာရေးတန်ဖိုးများ၊ အပြန်အလှန်လေးစားမှုနှင့် နားလည်မှုများ၊ အပြန်အလှန်အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှုများအပေါ်အခြေခံထားသော ခိုင်မာအားကောင်းသည့် နှစ်နိုင်ငံဆက်ဆံရေးကို အထူးတန်ဖိုးထားပါသည်။ အဆိုပါဆက်ဆံရေးသည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ပါသည်။

မိမိတို့နှစ်နိုင်ငံ၏ အကောင်းဆုံးအကျိုးစီးပွားများကို ဖော်ဆောင်နိုင်မည့် နှစ်နိုင်ငံချင်းနှင့် နိုင်ငံတကာအဆင့်ဆက်ဆံရေးကို မြှင့်တင်နိုင်ရေးအတွက် အဆွေတော်နှင့်အတူ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် မိမိ၏ခိုင်မာသောကတိကဝတ်ကို ထပ်လောင်းအတည်ပြုလိုပါသည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် လာအိုပြည်သူများ၏ကိုယ်စားနှင့် မိမိအနေဖြင့် နွေးထွေးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားလိုပါသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအကြား အိမ်နီးချင်းကောင်းပီသမှု၊ အပြန်အလှန်လေးစားမှုနှင့် ယုံကြည်မှုတို့အပေါ် အခြေခံထားသည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် ကောင်းမွန်သောပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို တွေ့မြင်ရသည့်အတွက် အလွန်ဝမ်းမြောက်မိပါသည်။ အဆိုပါအစဉ်အလာရှိသော ချစ်ကြည်ရင်းနှီးစွာ ချည်နှောင်ထားမှုများနှင့် ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုများသည် ပိုမိုခိုင်မာတိုးတက်လာပြီး၊ နှစ်နိုင်ငံပြည်သူများ၏အကျိုးနှင့် ဒေသတွင်းအဆင့်သာမက ကမ္ဘာ့အဆင့်တွင်ပါ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက်လည်း အထောက်အကူဖြစ်စေမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

၂၀၂၆ ခုနှစ်၊ နှစ်သစ်အခါသမယတွင် အဆွေတော်အား ကျန်းမာပျော်ရွှင်မှုများနှင့် ပြည့်စုံပါစေကြောင်း၊ မြင့်မြတ်သော တာဝန်ဝတ္တရားများအား အောင်မြင်စွာ ထမ်းဆောင်နိုင်ပါစေကြောင်းနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး ဆက်လက်တိုးတက်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာကောင်ကင်ဟွန်းထံမှ ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်သည့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူပြည်သားများထံသို့ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်မှစ၍ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး ယနေ့အထိ အာဆီယံအသိုက်အဝန်း၏အရေးပါသော အစိတ်အပိုင်းတစ်ရပ်အဖြစ် ဆက်လက်ရပ်တည်လျက်ရှိပါသည်။ အာဆီယံအနေဖြင့် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ကတိကဝတ်ကို ဆက်လက်လိုက်နာဆောင်ရွက်လျက်ရှိသကဲ့သို့ အာဆီယံပဋိညာဉ်စာတမ်းတွင်ပါရှိသော ရည်ရွယ်ချက်များနှင့် မူဝါဒများနှင့်အညီ အာဆီယံအသိုက်အဝန်းတည်ထောင်ရေး ကြိုးပမ်းအားထုတ်မှုများကို ဆက်လက်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။

ဤအရေးပါသောအခါသမယတွင် မြန်မာပြည်သူပြည်သားများအား ငြိမ်းချမ်းပြီး တိုးတက်သာယာဝပြော၍ ညီညွတ်မှုရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၃

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယအတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေးလ် မီရှုစတင်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရကိုယ်စားနှင့် မိမိအနေဖြင့် ပြောကြားလိုပါသည်။

မိမိအနေဖြင့် စဉ်ဆက်မပြတ်တိုးတက်လျက်ရှိသည့် ရုရှား-မြန်မာ ဆက်ဆံရေးအပေါ် အားရကျေနပ်မိပါကြောင်း၊ ယင်းဆက်ဆံရေးသည် ချစ်ကြည်ရင်းနှီးမှု၊ မိတ်ဖက်ပြုမှု၊ တစ်နိုင်ငံ၏အကျိုးစီးပွားကို တစ်နိုင်ငံက အပြန်အလှန်လေးစားမှုဟူသည့်မူများအပေါ် အခြေခံထားပါသည်။ ကုန်သွယ်ရေးနှင့် စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ သိပ္ပံနှင့် နည်းပညာစသည့်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများသည် ပိုမိုတိုးတက်လျက်ရှိသကဲ့သို့ စွမ်းအင်၊ စက်မှုနှင့် အခြားကဏ္ဍများတွင် အလားအလာရှိသော ပူးတွဲစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်လျက်ရှိပါသည်။

နှစ်နိုင်ငံအစိုးရများအကြား တက်ကြွစွာ ထိတွေ့ဆောင်ရွက်မှုများသည် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်စေကာ အရေးပါပြီး နှစ်ဖက်အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် အစီအစဉ်များ၊ စီမံချက်များကို မြှင့်တင်ပေးရာရောက်စေမည်ဟု ယုံကြည်ပါသည်။ ယင်းတို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့၏ ရေရှည်အကျိုးစီးပွားအတွက် ဖြစ်ပါသည်။

| | | ဦးမင်းခန့်ကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၃၃၈၂ | ၁၆၇၅၅ | ၈၀၁၃၇ | ၄၈.၈၉% |
| | | ဦးကျော်သိန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၄၄၉၅ | ၇၃၅ | ၂၅၂၃၀ | ၁၅.၃၉% |
| | | ဦးခွန်မျိုးသန့် | ပြည်သူ့ပါတီ | ၁၈၀၄၉ | ၄၅၅ | ၁၈၅၀၄ | ၁၁.၂၉% |
| | | ဦးမောင်မောင်ငွေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၇၃၁ | ၉၄၀ | ၁၁၆၇၁ | ၇.၁၂% |
| | | ဒေါ်သင်းလှဲ့လှဲ့ဦး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၀၉၀၆ | ၃၄၈ | ၁၁၂၅၄ | ၆.၈၇% |
| | | ဒေါ်မြင့်မြင့်အေး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၆၀၆ | ၂၇၂ | ၉၈၇၈ | ၆.၀၃% |
| | | ဒေါက်တာမြတ်နုခိုင် | တစ်သီးပုဂ္ဂလ | ၆၉၅၆ | ၂၇၆ | ၇၂၃၂ | ၄.၄၁% |
| ၂၁ | ပြည်မြို့နယ် | | | ၇၈၀၇၆ | ၁၂၀၉၅ | ၉၀၁၇၁ | |
| | | ဦးမျိုး(ခ)ဦးမျိုးအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၈၃၁၂ | ၈၇၆၃ | ၃၇၀၇၅ | ၄၁.၁၂% |
| | | ဦးတင်မောင်ဆွေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၅၁၈ | ၁၂၂၄ | ၁၂၇၄၂ | ၁၄.၁၃% |
| | | ဒေါ်ခင်မာလာကျော် | ပြည်သူ့ပါတီ | ၉၃၃၄ | ၄၃၀ | ၉၇၆၄ | ၁၀.၈၃% |
| | | ဦးထင်အောင်ရှိုင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၄၃၆ | ၃၁၀ | ၅၇၄၆ | ၆.၃၇% |
| | | ဦးသန်းနိုင်ငွေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၀၂၁ | ၃၁၉ | ၅၃၄၀ | ၅.၉၂% |
| | | ဦးဝင်းလှိုင် | တစ်သီးပုဂ္ဂလ | ၅၀၇၉ | ၁၈၄ | ၅၂၆၃ | ၅.၈၃% |
| | | ဦးမင်းဇော်အောင် | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ | ၄၉၄၅ | ၂၇၄ | ၅၂၁၉ | ၅.၇၉% |
| | | ဒေါ်ခိုင်ဇင်ဝင့် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၄၉၄ | ၂၉၂ | ၄၇၈၆ | ၅.၃၁% |
| | | ဦးမင်းမင်းအောင် | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၃၉၃၇ | ၂၉၉ | ၄၂၃၆ | ၄.၇၀% |

စာမျက်နှာ ၁၉ သို့ »»

»» စာမျက်နှာ ၁၈ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂၂ | ရွှေတောင်မြို့နယ် | | | ၆၀၅၀၇ | ၄၅၂၆ | ၆၅၀၃၃ | |
| | | ဦးတင်ရွှေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၉၂၈ | ၂၇၅၂ | ၂၁၆၈၀ | ၃၃.၃၄% |
| | | ဦးဇော်မျိုးမင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၅၀၉၇ | ၇၈၇ | ၁၅၈၈၄ | ၂၄.၄၂% |
| | | ဦးဖြိုးမင်းကို | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၉၈၃ | ၄၁၉ | ၈၄၀၂ | ၁၂.၉၂% |
| | | ဒေါ်နီလာစိုး | ပြည်သူ့ပါတီ | ၅၆၅၄ | ၁၄၈ | ၅၈၀၂ | ၈.၉၂% |
| | | ဦးအောင်မိုးဟန် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၆၄၅ | ၁၀၉ | ၅၇၅၄ | ၈.၈၅% |
| | | ဦးဖြိုးဝေ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၆၄၁ | ၁၃၆ | ၃၇၇၇ | ၅.၈၁% |
| | | ဦးအောင်နိုင်စိုး | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၃၅၅၉ | ၁၇၅ | ၃၇၃၄ | ၅.၇၄% |
| ၂၃ | လက်ပံတန်းမြို့နယ် | | | ၅၇၈၁၉ | ၃၁၇၁ | ၆၀၉၉၀ | |
| | | ဦးကျော်သူရ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၂၃၃ | ၁၆၈၆ | ၂၀၉၁၉ | ၃၄.၃၀% |
| | | ဒေါ်မြင့်မြင့်စန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၇၀၁ | ၅၈၁ | ၁၁၂၈၂ | ၁၈.၅၀% |
| | | ဦးလင်းလင်းထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၉၉၄ | ၂၆၅ | ၆၂၅၉ | ၁၀.၂၆% |
| | | ဦးမျိုးသန့်ခိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၈၄၃ | ၁၉၅ | ၆၀၃၈ | ၉.၉၀% |
| | | ဦးသိန်းတန် | ပြည်သူ့ပါတီ | ၅၇၉၇ | ၁၅၁ | ၅၉၄၈ | ၉.၇၅% |
| | | ဒေါ်ပန်းအိစံ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၃၉၇ | ၁၄၃ | ၅၅၄၀ | ၉.၀၈% |
| | | ဦးအောင်ဝင်း | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၄၈၅၄ | ၁၅၀ | ၅၀၀၄ | ၈.၂၀% |
| ၂၄ | သာယာဝတီမြို့နယ် | | | ၆၁၃၁၆ | ၈၂၅၃ | ၆၉၅၆၉ | |
| | | ဦးဝင်းဇော်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၄၁၂၂ | ၅၃၂၀ | ၂၉၄၄၂ | ၄၂.၃၂% |
| | | ဦးသန်းအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၉၁၈၆ | ၁၀၃၂ | ၁၀၂၁၈ | ၁၄.၆၉% |
| | | ဦးဖြိုးသော်ဇင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၄၃၇ | ၇၆၀ | ၁၀၁၉၇ | ၁၄.၆၆% |
| | | ဦးတင်ထွဋ်အောင် | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၄၈၈၃ | ၂၈၁ | ၅၁၆၄ | ၇.၄၂% |
| | | ဦးဝင်းနိုင် | ပြည်သူ့ပါတီ | ၃၉၅၁ | ၂၁၆ | ၄၁၆၇ | ၅.၉၉% |
| | | ဦးမင်းမင်းစိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၅၃၅ | ၁၈၈ | ၃၇၂၃ | ၅.၃၅% |
| | | ဦးမိုးမြင့်လွင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၂၆၉ | ၂၃၁ | ၃၅၀၀ | ၅.၀၃% |
| | | ဦးမျိုးလွင်ဦး | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ | ၂၉၃၃ | ၂၂၄ | ၃၁၅၇ | ၄.၅၄% |
| | မကွေးတိုင်းဒေသကြီး | | | | | | |
| ၂၅ | ချောက်မြို့နယ် | | | ၂၃၉၅၈ | ၂၉၇၃ | ၂၆၉၃၁ | |
| | | ဦးရဲတင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၄၇၂ | ၁၉၀၂ | ၁၀၃၇၄ | ၃၈.၅၂% |
| | | ဦးကျော်လင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၅၁၉ | ၃၁၂ | ၄၈၃၁ | ၁၇.၉၄% |
| | | ဒေါ်ဇင်ဇာဝိုင်း | ပြည်သူ့ပါတီ | ၄၁၂၅ | ၂၃၂ | ၄၃၅၇ | ၁၆.၁၈% |
| | | ဒေါ်ယဉ်ယဉ်သိန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၈၈၁ | ၂၅၆ | ၄၁၃၇ | ၁၅.၃၆% |
| | | ဒေါ်သန္တာအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၉၆၁ | ၂၇၁ | ၃၂၃၂ | ၁၂.၀၀% |
| ၂၆ | ရေနံချောင်းမြို့နယ် | | | ၂၂၆၅၄ | ၂၃၁၆ | ၂၄၉၇၀ | |
| | | ဒေါ်ဝင်းမော်ထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၅၈၅ | ၁၈၁၂ | ၁၃၃၉၇ | ၅၃.၆၅% |
| | | ဦးတင်ငွေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၉၂၂ | ၃၀၁ | ၅၂၂၃ | ၂၀.၉၂% |
| | | ဦးကျော်မင်းမင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၂၈၆ | ၁၀၁ | ၃၃၈၇ | ၁၃.၅၆% |
| | | ဒေါ်စောလှယဉ်မင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၈၆၁ | ၁၀၂ | ၂၉၆၃ | ၁၁.၈၇% |
| ၂၇ | ပခုက္ကူမြို့နယ် | | | ၄၂၇၆၃ | ၇၅၃၃ | ၅၀၂၉၆ | |
| | | ဦးလှဝင်းဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၁၀၅ | ၆၉၀၁ | ၂၅၀၀၆ | ၄၉.၇၂% |
| | | ဦးမျိုးတင့်ကို | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၉၅၂ | ၄၇၈ | ၁၅၄၃၀ | ၃၀.၆၈% |
| | | ဒေါ်သင်းသင်းခိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၇၀၆ | ၁၅၄ | ၉၈၆၀ | ၁၉.၆၀% |
| ၂၈ | တောင်တွင်းကြီးမြို့နယ် | | | ၉၂၀၄၂ | ၆၁၁၆ | ၉၈၁၅၈ | |
| | | ဒေါက်တာကျော်ဆွေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၉၂၉၁ | ၁၂၉၉ | ၄၀၅၉၀ | ၄၁.၃၅% |
| | | ဦးပိုက်ထွေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၁၉၇၆ | ၄၁၁၄ | ၃၆၀၉၀ | ၃၆.၇၇% |
| | | ဦးဇော်မျိုးအောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၂၃၈၈ | ၄၀၉ | ၁၂၇၉၇ | ၁၃.၀၄% |
| | | ဦးရှိန်းထက်အောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၃၈၇ | ၂၉၄ | ၈၆၈၁ | ၈.၈၄% |
| ၂၉ | မကွေးမြို့နယ် | | | ၁၃၀၁၁၀ | ၇၈၇၆ | ၁၃၇၉၈၆ | |
| | | ဦးစိုးတင့်နိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၇၁၀၇ | ၆၆၁၉ | ၆၃၇၂၆ | ၄၆.၁၈% |
| | | ဒေါ်ခင်စန်းလှ | ပြည်သူ့ပါတီ | ၂၅၀၈၄ | ၃၆၇ | ၂၅၄၅၁ | ၁၈.၄၄% |
| | | ဦးအောင်စန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၄၆၇၆ | ၅၁၇ | ၂၅၁၉၃ | ၁၈.၂၆% |
| | | ဦးမောင်မောင်အေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၂၆၄၄ | ၂၅၂ | ၁၂၈၉၆ | ၉.၃၅% |
| | | ဦးချစ်ကိုကို | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၅၉၉ | ၁၂၁ | ၁၀၇၂၀ | ၇.၇၇% |
| ၃၀ | ပွင့်ဖြူမြို့နယ် | | | ၅၂၉၀၂ | ၂၇၅၅ | ၅၅၆၅၇ | |
| | | ဦးစန်းယုနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၈၅၄ | ၂၁၂၀ | ၂၅၉၇၄ | ၄၆.၆၇% |
| | | ဒေါ်သိမ့်သိမ့်ဝေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၆၇၃ | ၃၆၃ | ၁၅၀၃၆ | ၂၇.၀၁% |
| | | ဦးဖေယျာမြင့် | ပြည်သူ့ပါတီ | ၁၄၃၇၅ | ၂၇၂ | ၁၄၆၄၇ | ၂၆.၃၂% |

(ဆက်လက်ဖော်ပြပါမည်)

# စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် မျိုးကောင်းမျိုးသန့်သုံးစွဲနိုင်ရေးနှင့် ခေတ်မီနည်းပညာများပြောင်းလဲအသုံးပြုရန်လိုအပ်



**နေပြည်တော် ဇန်နဝါရီ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့ ညနေပိုင်းတွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများက ပြည်နယ်၏ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုနှင့် သီးထပ်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ စိုက်ပျိုးမွေးမြူရေးအခြေခံ ကုန်ထုတ်လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရေး အတွက် သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မျိုးကောင်းမျိုးသန့် သုံးစွဲမှုလွှမ်းခြုံနိုင်ရေး၊ သီးနှံများပန်းတိုင်အထွက်နှုန်း ရရှိရေးနှင့် ဈေးကွက်ဝင် အရည်အသွေးကောင်း သီးနှံများ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တောင်သူများအားလုံး တညီတညွတ်တည်း လိုက်ပါဆောင်ရွက်လာကြစေရန် ပညာရှင်များအပိုင်းက ပိုမိုအားစိုက် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ တောင်သူ သဘောပေါက်နားလည်မှု လွယ်ကူစေမည့် ရှင်းလင်းဆွေးနွေးမှုစနစ်ကိုအသုံးပြုပြီး မိမိတို့ ဝန်ဆောင်မှုပေးလျက်ရှိသည့် နည်းပညာပြန့်ပွားရေး လုပ်ငန်းများအောင်မြင်အောင် ကြိုးပမ်းကြစေလိုကြောင်း။

အလားတူ နိုင်ငံတော်၏ လယ်ယာကဏ္ဍဆိုင်ရာ မူဝါဒများချမှတ်ခြင်းနှင့် စီမံကိန်းလုပ်ငန်းများ စီမံဆောင်ရွက်ခြင်းအတွက် အရေးပါသည့်ကိန်းဂဏန်းစာရင်းဇယားများ တိကျမှန်ကန်ရေးကို အလေးထားဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဒေသအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သော်လည်း မိမိဒေသရေမြေရာသီဥတုနှင့် တောင်သူများ၏ စိုက်ပျိုးမွေးမြူမှုစွမ်းအားအရ ထုတ်လုပ်မှုအနည်း၊ အများဖြစ်ပေါ်မှုကို မြေပြင်အမှန်အတိုင်း ကိန်းဂဏန်းစာရင်းဇယားများ ပြုစုဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ဟဲဟိုး) သင်တန်းခန်းမ၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ဟဲဟိုးနှင့် ဒီးမော့ဆို) ကျောင်းများ၏ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် ကျောင်းသား ကျောင်းသူများကို တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်က အားကိုးအားထားပြုရသည့် ထူးချွန်ထက်မြက်သော လူသားအရင်းအမြစ်များဖြစ်စေရေး၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံတော်၏စိုက်ပျိုးရေး မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် မိမိတို့သင်ယူတတ်မြောက်ထားသည့် ပညာရပ်များကို အကျိုးရှိစွာအသုံးချပြီး ခေတ်မီစိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာများကို တောင်သူလက်ဝယ်အရောက် ဆင့်ပွားပေးနိုင်ရေး ကြိုးပမ်းသွားကြရန်လိုကြောင်း ပြောကြားပြီး ကျောင်းသား ကျောင်းသူများ စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်စိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် အင်းခေါင်းဆည်(ဟဲဟိုးကန်)၏ဝင်ရေသိုလှောင်ထားရှိမှု၊ ကန်အတွင်း နုန်းဆယ်နေမှုနှင့် ဒေသအတွက် စိုက်ပျိုးရေ အကျိုးပြုနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်ချက်တင်ပြမှုများအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့သည့် ချောင်းမငယ်ရေသောက်စနစ်နှင့် မဒန်းရေသောက်စနစ်များ ယခုနှစ်နွေစပါးနှင့်နွေသီးနှံ စိုက်ပျိုးရေပေးဝေချိန်အမီ လုပ်ငန်းများပြီးစီးရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃**

မန္တလေး ငလျင်ကြီးကြောင့် နေပြည်တော် ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ ဆည်၊ ကန်၊ တမံ၊ ရေသောက်စနစ်နှင့် ရေတင်လုပ်ငန်းများ ထိခိုက်ပျက်စီးခဲ့မှုအပေါ် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ချောင်းမငယ်ဆည်ရေသောက်စနစ်နှင့် မဒန်းဆည်ရေသောက်စနစ်အတွင်းရှိ တူးမြောင်းများ၊ တူးမြောင်းအဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ချောင်းမငယ် ရေလှောင်တမံမှ ဆင်အုံကန်သို့ မြို့သောက်သုံးရေအတွက် ရေဖြည့်တင်းနေမှု၊ ဆင်အုံကန် ရေသိုလှောင် ထားရှိမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန တာဝန်ရှိသူများက ချောင်းမငယ် ရေလှောင်တမံနှင့် မဒန်းရေလှောင်တမံတို့၏ လက်ရှိ ရေလှောင်ပမာဏနှင့် အသုံးပြုနိုင်မှုအခြေအနေများ၊ အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့ပြီးနောက် ဆည်ရေသောက်စနစ်များ ထိခိုက်ပျက်စီးခဲ့မှုများကို အရေးပေါ်ပြင်ဆင်ခြင်းလုပ်ငန်းများ ဦးစားပေးအပိုင်းလိုက် ဆောင်ရွက်ပြီးစီးခဲ့မှု၊ မိုးစပါးနှင့် မိုးသီးနှံအတွက် စိုက်ပျိုးရေပေးဝေခဲ့မှု၊ ဆောင်းသီးနှံလျာထားစိုက်ပျိုးမှု၊ နွေစပါးနှင့် နွေသီးနှံ စိုက်ပျိုးရေပေးဝေနိုင်ရေး စီမံဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက သတ်မှတ်ဒီဇိုင်းပုံစံများအတိုင်း စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာဆောင်ရွက်ရေး၊ နွေစပါးနှင့် နွေသီးနှံစိုက်ပျိုးရေပေးဝေချိန်အမီ လုပ်ငန်းများပြီးစီးရေး၊ စိုက်ပျိုးရေပေးဝေချိန်၌ ထပ်မံပျက်စီးမှု မဖြစ်ပေါ်စေရေးအတွက် ဦးစားပေးထိန်းသိမ်းရမည့် အပိုင်းများကို လိုအပ်သလိုကြိုတင်ကာကွယ်ဆောင်ရွက်ရန်နှင့် အခြားနည်းပညာပိုင်းဆိုင်ရာ လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ဆည်ရေသောက် စနစ်အတွင်း ထိခိုက်ပျက်စီးခဲ့သော တူးမြောင်းများနှင့် တူးမြောင်းအဆောက်အအုံများကို စက်ယန္တရားအင်အား၊ လူအင်အားတို့ဖြင့် ပြုပြင်ဆောင်ရွက်နေမှု၊ ဆောင်းသီးနှံစိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



ချောင်းမငယ်ရေသောက်စနစ်၌ ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းစုစုပေါင်း ၅၉ ခု ဆောင်ရွက်ရမည်ဖြစ်ပြီး ၁၅ ခု ဆောင်ရွက်ပြီးစီး၍ ဆောင်ရွက်ဆဲ ၄၄ ခုရှိကာ လုပ်ငန်းများ၏ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အလားတူ မဒန်းဆည်ရေသောက်စနစ်၌ ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းပေါင်း ၅၀ ဆောင်ရွက်ရမည်ဖြစ်ပြီး ၄၄ ခု ဆောင်ရွက်ပြီးစီး၍ ဆောင်ရွက်ဆဲ ခြောက်ခုရှိကာ လုပ်ငန်း ၈၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ ချောင်းမငယ် ရေသောက်စနစ်နှင့် မဒန်းရေသောက်စနစ် အတွင်းရှိ တူးမြောင်းများနှင့် တူးမြောင်း အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုကို ယခုနှစ် ၂၀၂၅-၂၀၂၆ နွေစပါးနှင့် နွေသီးနှံဆည်ရေပေး ရာသီအမီ စိုက်ပျိုးရေပေးဝေရန် အချိန်မီပြီးစီးရေး အထူးအလေးထား စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် ကြို့ပင်ကျေးရွာအနီး ချောင်းမငယ် ရေသောက်စနစ် အတွင်းရှိ ဆင်အုံကန်သို့ ရောက်ရှိရာ တာဝန်ရှိသူက ချောင်းမငယ် ရေလှောင်တမံမှ ဆင်အုံကန်သို့ နေပြည်တော်နေ ပြည်သူလူထုများအတွက် မြို့သောက်သုံးရေ ဖြည့်တင်းပေးနေမှု၊ ရေလှောင်ကန် ရေသိုလှောင်ထားရှိမှု၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှစတင်၍ မြို့သောက်သုံးရေ တိုးမြှင့်ပေးဝေမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ရေကို အကျိုးရှိစွာ အသုံးချနိုင်ရေး၊ ရေလှောင်ကန်၏ ရေပေးရေးတံခါးများကို အစဉ်ကောင်းမွန်စေရေး ပြုပြင်ထိန်းသိမ်းမှုများ ပုံမှန်ဆောင်ရွက်ရန်နှင့် ရေလှောင်ကန် ကြံ့ခိုင်ရေးကို ရေလှောင်ကန် ထိန်းသိမ်းရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ နိုင်ငံ၏ စားရေရိက္ခာ ဖူလုံရေးအတွက် သီးထပ်သီးညှပ်များ ပိုမိုတိုးတက်စိုက်ပျိုးနိုင်ရေးနှင့် လယ်ယာကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားပြီး ဆင်အုံကန်တာပေါင်၊ ရေပိုလွှဲနှင့် ဆက်စပ်ရေအား အဆောက်အအုံများ၏ ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆင်အုံကန်အနေဖြင့် ချောင်းမငယ် ဆည်ရေသောက်အတွင်း ၄၆၀၇ ဧကကို စိုက်ပျိုးရေ ပေးဝေလျက်ရှိသည့်အပြင် မြို့သောက်သုံးရေအတွက် တစ်ရက်လျှင် ရေဂါလန် ၃၄ သိန်း (၁၂ ဒသမ ၅ ဧကပေခန့်) ရေပေးဝေလျက်ရှိပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှစတင်၍ မြို့သောက်သုံးရေ အတွက် တစ်ရက်လျှင် ရေဂါလန် သိန်း ၆၀ (၂၂ ဧကပေခန့်) ထပ်မံတိုးမြှင့်ပေးဝေနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# အမရပူရမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး၊ ပျက်စီးသူများအား ကွင်းဆင်းဆောင်ရွက်ပေး

**မန္တလေး ဇန်နဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဓနုံးကျေးရွာအုပ်စု ယဉ်တော်စံကျေးရွာ အောင်သိဒ္ဓိကပ်ကျော်ဓမ္မာရုံ၌ ယမန်နေ့ မွန်းလွဲပိုင်းက နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး၊ ပျက်စီးသူများအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အမရပူရမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ဆန္ဒမဲပေးနိုင်ရေးအတွက် မဲစာရင်းတွင်ပါဝင်ပြီး နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး၊ ပျက်စီးနေသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမရပူရမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုလင်းနှင့်ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်က နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး၊ ပျက်စီးသူများ ကွင်းဆင်း ဆောင်ရွက်ပေးနေမှုများကိုကြည့်ရှု၍ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပညာရေးစုံညီပွဲတော် တက်ရောက်



**နေပြည်တော် ဇန်နဝါရီ ၃**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပြည်ထောင်စု နယ်မြေ နေပြည်တော် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် ပညာရေးမှူးများနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးတို့က ပညာရေးစုံညီပွဲတော် မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး မြို့နယ်အလိုက် ကျောင်းသား ကျောင်းသူများ၏ စွမ်းရည်ပြသမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် အခမ်းအနားအစီအစဉ်ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ဇေယျာသီရိမြို့နယ် အထက(၁) ကျောင်းသား ကျောင်းသူများက စုံညီပွဲတော်တို့နွဲပျော် အဖွင့်သီချင်းဖြင့် သီဆိုဖွင့်လှစ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက “နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ဖို့ ပညာရေးကို အားပေးစို့” ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံသားတိုင်း အခြေခံပညာသင်ယူပြီးမြောက်စေရေးအတွက် လူတိုင်း အကျုံးဝင်ပညာရေး၊ ကျောင်းနေအရွယ် ကလေးအားလုံး ပညာသင်ယူခွင့်ရရှိရေးနှင့် အနည်းဆုံး KG+9 ပြီးဆုံးသည်အထိ ကျောင်းနေနိုင်ရေးအတွက် အခမဲ့ပညာရေးစနစ်ကို ကျင့်သုံးလျက်ရှိကြောင်း၊ အလယ်တန်းပညာ အောင်မြင်ပြီးမြောက်သူများအတွက် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်း အတတ်ပညာများ သင်ယူနိုင်မည့် အခွင့်အလမ်းများ၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ၈၉ ကျောင်းကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

အခြေခံပညာ သင်ရိုးသစ်သည် အရည်အသွေးရှိသည့် ပညာသင်ကြားရေးစနစ်ကို ဦးတည်လျက်ရှိပြီး ကျောင်းသား လူငယ်များ၏ အသိပညာဗဟုသုတ သာမက ပြဿနာဖြေရှင်းနိုင်မှု၊ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးထားမှု၊ ကိုယ်ကျင့်တရား ကောင်းမွန်မှု၊ တာဝန်သိမှု၊ တီထွင်ကြံဆဖန်တီးနိုင်မှုနှင့် ဆန်းသစ်ဝေဖန်ပိုင်းခြားနိုင်မှု စသည့်အသိဉာဏ်ရှိပြီး ဘက်စုံပညာပြည့်ဝသည့် ဗလငါးတန်နှင့်ပြည့်စုံသော နိုင်ငံသားများဖြစ်စေရေး စံသတ်မှတ်ချက်များ ထားရှိဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ကအားထားရသည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေးတို့အပြင် စိတ်ဓာတ်၊ စည်းကမ်း၊ နိုင်ငံနှင့် လူမျိုးကို တန်ဖိုးထားသည့် အလေ့အကျင့်ကောင်းများ တိုးပွားလာစေရန် ဆရာ၊ မိဘနှင့် ပညာရေးနှင့် ဆက်စပ်သူများ အားလုံးက ဝိုင်းဝန်းပံ့ပိုးကူညီပေးကြရန် လိုအပ်ကြောင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာတစ်နိုင်ငံလုံး တတိယအဆင့် ဆုရရှိသူနှင့် ၂၀၂၅ ခုနှစ် (၁၄)ကြိမ်မြောက် အာဆီယံကျောင်းသား အားကစားပွဲတော်တွင် ပိုက်ကျော်ခြင်း ရွှေတံဆိပ်ဆုရရှိသူကို ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက အမှာစကားပြောကြားကာ တိုင်းအဆင့် Grade-9 အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ ဆုရရှိသူ သုံးဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးတို့က တိုင်းအဆင့် အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက်ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အထက်တန်းဆင့်၊ အလယ်တန်းဆင့် စာစီစာကုံးနှင့် ကဗျာဆုရရှိသူများ၊ ကမ္ဘာ့ခရီးသွား လုပ်ငန်းနေ့ အထိမ်းအမှတ် အထက်တန်းဆင့် စာစီစာကုံးဆု ရရှိကြသူများ၊ National ICT Awards 2025 (Educational Project and Skills Competition) ပြိုင်ပွဲ ဆုရရှိကြသူများ၊ (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အထက်တန်းဆင့် စာစီစာကုံးနှင့် အလယ်တန်းဆင့် ကဗျာဆုရရှိကြသူများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အမှတ်စဉ် (၁၁၂) သေနတ်ပစ်ထူးချွန်ဆု ရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့နယ်ရှစ်မြို့နယ်ရှိ ကျောင်းများမှ ကျောင်းသား ကျောင်းသူများက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာ မြို့နယ်အလိုက် ခင်းကျင်းပြသထားသည့် ပညာရေးဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၅- ၂၀၂၆ ပညာသင်နှစ် (တိုင်းဒေသကြီးအဆင့်) ပညာရေးစုံညီပွဲတော် တက်ရောက်

**မကွေး ဇန်နဝါရီ ၃**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် မကွေးတိုင်းဒေသကြီး (တိုင်းဒေသကြီးအဆင့်) ပညာရေးစုံညီပွဲတော်ကို ယမန်နေ့နံနက် ၈ နာရီက မကွေးမြို့ ပညာရေးဒီဂရီကောလိပ်၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မကွေးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တက်ရောက်လာသည့် အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများအား ဗလငါးတန်နှင့်ပြည့်စုံပြီး ထူးချွန်ထက်မြက်သည့် အနာဂတ်သားကောင်းသမီးကောင်းရတနာများ ဖြစ်စေရန် ကြိုးစားစေလိုကြောင်း၊ “နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်က ပညာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေချိန်တွင် ကျောင်းသားကျောင်းသူများအနေဖြင့် ကျောင်းသင်ခန်းစာအပြင် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး အမြဲကြိုးစားပြီး နိုင်ငံ့သားကောင်းသမီးကောင်းများဖြစ်အောင် ကြိုးစားစေလိုကြောင်း မှာကြားသည်။

ယင်းနောက် ကင်းထောက်ပြိုင်ပွဲ၊ ဘင်ခရာစွမ်းရည်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲတို့တွင် ဆုရရှိသည့် အခြေခံပညာကျောင်းများမှ ပြိုင်ပွဲဝင်များ၏ သရုပ်ပြသမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် အစီအစဉ်ဒုတိယပိုင်းအား ဆက်လက်ကျင်းပရာ မကွေးခရိုင်ကိုယ်စားပြု ကျောင်းသား ကျောင်းသူများက ကြိုဆိုပါသည် စုံညီပွဲတော် သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဥယျာဉ်မှူး ကိုယ်ပိုင်ကျောင်းမှ Grade – 6 ကျောင်းသား မောင်လွင်သန့်ထူးအောင်နှင့်အဖွဲ့က တယောလက်စွမ်းပြ တီးခတ်ဖျော်ဖြေပြီး ဗဟိုအဆင့်ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများ၊ တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများတွင် ဆုရရှိသူများ၊ ကင်းထောက်စွမ်းရည်၊ ဘင်ခရာနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများတွင် ဆုရရှိသည့်အသင်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။




ထို့နောက် ဖျော်ဖြေရေးအစီအစဉ်များကျင်းပရာ အောင်လံခရိုင်ကိုယ်စားပြု ကျောင်းသား ကျောင်းသူများက လက်ခတ်သံ သီချင်းဖြင့်လည်းကောင်း၊ မကွေးပညာရေးဒီဂရီကောလိပ် ကျောင်းသား၊ ကျောင်းသူများက ဗလငါးတန်တို့ရည်သန် သီချင်း၊ မာယာဒေဝီ နှစ်ပါးသွားအက၊ ပြည့်ရတနာ သီချင်းတို့ဖြင့်လည်းကောင်း၊ ချောက်ခရိုင်ကိုယ်စားပြု ကျောင်းသား ကျောင်းသူများက နန်းကိန္နရီ သီချင်းဖြင့်လည်းကောင်း၊ သရက်ခရိုင်ကိုယ်စားပြု ကျောင်းသူများက အလှကမ္ဘာမြေ သီချင်းဖြင့်လည်းကောင်း ကပြဖျော်ဖြေတင်ဆက်ကြရာ စုံညီပွဲတော်ဖျော်ဖြေရေးအစီအစဉ်များတွင် ပါဝင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေကျပ် ၁၅ သိန်း ပေးအပ်ချီးမြှင့်ပြီး မင်းဘူးခရိုင်ကိုယ်စားပြု ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်း တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင်တက္ကသိုလ်ဒီဂရီကောလိပ်များနှင့် အခြေခံပညာကျောင်းပေါင်းစုံမှ ခင်းကျင်းပြသထားသော ပြခန်းများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



# ဗဟန်းမြို့နယ် အထက (၁) ဗဟန်း၌ ပညာရေးစုံညီပွဲတော် ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အထက(၁)၏ ၂၀၂၅-၂၀၂၆ ခုနှစ် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက် ၈ နာရီက အထက (၁)ဗဟန်း မိုးဦးပန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ကမာရွတ်ခရိုင် ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်းက အမှာစကားပြောကြားပြီး နိုင်ငံတော်အဆင့် ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် ဗဟန်းမြို့နယ် ပညာရေးမှူး၊ အထက(၁) ကျောင်းအုပ်ဆရာမကြီး၊ ဗဟန်းမြို့နယ်စီမံခန့်ခွဲရေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် လူရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများ၊ အာဇာနည်နေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် တိုင်းအဆင့် ကမ္ဘာ့ဆရာများနေ့ စာစီစာကုံးပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဆုများ ချီးမြှင့်ကြကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

■

# ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နေပြည်တော်မာရသွန်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃

၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နေပြည်တော် မာရသွန်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများ၊ ဆုချီးမြှင့်ပွဲအခမ်းအနားနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်း အမှတ် ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ၊ ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲ၊ ခေါင်းအုံးရိုက်(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲနှင့် ပြေးခုန်ပစ်(အမျိုးသား/အမျိုးသမီး) အပြေးပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် ၆ နာရီမှစတင်၍ နေပြည်တော် ရာဇဌာနီလမ်း၊ ဥပ္ပါတသန္တိစေတီတော် ဘုရားကွင်းနှင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ် (၁)၊ (၃)နှင့် (၄)တို့၌ ကျင်းပသည်။



အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ နေပြည်တော်အားကစားနှင့် ကာယပညာကော်မတီနာယက နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပထမဆုံးပွဲစဉ်ဖြစ်သည့် ၂၁ ကီလိုမီတာ အမျိုးသား/အမျိုးသမီး (အလွတ်တန်း) မာရသွန်ပြိုင်ပွဲကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်ကလည်းကောင်း၊ ဒုတိယပွဲစဉ်ဖြစ်သည့် အသက် ၁၄ နှစ်မှ ၁၆ နှစ်အတွင်း ၁၀ ကီလိုမီတာ(အမျိုးသား/အမျိုးသမီး) မာရသွန်ပြိုင်ပွဲကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးကလည်းကောင်း၊ တတိယနှင့် စတုတ္ထပွဲစဉ်များဖြစ်သည့် အသက် ၁၃ နှစ်အောက် ၎ငါးကီလိုမီတာ(အမျိုးသား/အမျိုးသမီး) မာရသွန်ပြိုင်ပွဲများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်တို့ကလည်းကောင်း သေနတ်ပစ်ဖောက်တာလွှတ်ပေးပြီး အားကစားသမားများ၏ ယှဉ်ပြိုင်ပန်းဝင်လာမှုများကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ နှစ်သိမ့်ဆုရရှိခဲ့ကြသူများနှင့် ၂၁ ကီလိုမီတာ အမျိုးသမီး (အလွတ်တန်း) မာရသွန်ပြိုင်ပွဲတွင် စံချိန် ၁း၂၄း ၅၁ ( ၁ နာရီ ၂၄ မိနစ် ၅၁ စက္ကန့်)ဖြင့် လူငယ်မျိုးဆက်သစ် စံချိန်သစ်တင်နိုင်ခဲ့သည့် Youth Camp မှ နှင်းပွင့်အောင်တို့အား ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်၊ ဂုဏ်ပြုဆုကြေးငွေများနှင့် ထပ်ဆောင်း ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ် (၃)၌ ကျင်းပလျက်ရှိသည့် ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ(အမျိုးသမီး)ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်း၊ ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ (အမျိုးသား) ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့၏ ယှဉ်ပြိုင်နေမှုများကိုလည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၄)၌ ကျင်းပလျက်ရှိသည့် ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့၏ ယှဉ်ပြိုင်နေမှုများကိုလည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ကျင်းပလျက်ရှိသည့် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ် (အမျိုးသား/အမျိုးသမီး) မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀ နှင့် မီတာ ၈၀၀ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပုသိမ်မြို့၌ (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲ၊ စံပြမိခင်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



ပုသိမ် ဇန်နဝါရီ ၃

ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် စံပြမိခင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ပုသိမ်မြို့ ရောရှွေဝါခန်းမ၌ ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အမှာစကားပြောကြားပြီး ကလေးပြိုင်ပွဲတွင် မွေးစမှ အသက်ခြောက်လအထိ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသည့် ကလေးငယ်များအား ဆုများချီးမြှင့်ပေးခဲ့သည်။

ဆက်လက်၍ ကလေးပြိုင်ပွဲတွင် အသက်ခြောက်လမှ တစ်နှစ်၊ တစ်နှစ်မှ တစ်နှစ်ခြောက်လ၊ တစ်နှစ်ခြောက်လမှ နှစ်နှစ်အထိ ဆုရရှိသည့် ကလေးငယ်များနှင့် စံပြမိခင်ဆုရရှိသည့် မိခင်များအား ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့် ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ကြည်ကြည်ထွန်း၊ ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြသည်။

ထို့နောက် ဦးဝင်းလွင်+ အဂ္ဂမဟာသီရိသုဓမ္မသီဂိ ဒေါ်ချိုမာလွင် (သစ်လွင်စက်ပစ္စည်းဆိုင်) မိသားစုက အလှူငွေကျပ်သိန်း ၃၀ နှင့် ဒေါက်တာသီရိဖြိုး (MD) Cow Cow Wellness Company Ltd; ရန်ကုန်မြို့မှ အလှူငွေကျပ်သိန်း ၃၀ တို့ကို ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့သို့ပေးအပ်လှူဒါန်းကြရာ ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ချီးမြှင့်ပေးခဲ့ကြသည်။

ဧရာဝတီတိုင်း ဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် စံပြမိခင်ပြိုင်ပွဲကို ယမန်နေ့နံနက်ပိုင်းက ပုသိမ်မြို့ မြို့မကျန်းမာရေးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့် ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ကြည်ကြည်ထွန်း၊ ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်နှင့် တာဝန်ရှိသူများက ကလေးငယ်များ ပြိုင်ပွဲဝင်ရောက်နေမှုများကို ကြည့်ရှုအားပေးပြီး အာဟာရဖြည့်အစားအစာများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပေါင်းတည်၌ ကလေးပြိုင်ပွဲနှင့် စံပြမိခင်ဆုချီးမြှင့်ပွဲကျင်းပ

ပေါင်းတည် ဇန်နဝါရီ ၃

ပဲခူးတိုင်း ဒေသကြီး ပေါင်းတည်မြို့နယ်၌ ယနေ့မွန်းလွဲပိုင်းက ကလေးပြိုင်ပွဲနှင့် စံပြမိခင် ရွေးချယ်ချီးမြှင့်ပွဲကို မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနခန်းမ၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်တက်ရောက် အမှာစကားပြောကြားသည်။



ထို့နောက် မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊အမျိုးသမီးရေးရာ အသင်းအဖွဲ့တို့နှင့် ပူးပေါင်း၍ ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ အမျိုးသမီးရေးရာ အသင်းအဖွဲ့ဥက္ကဋ္ဌနှင့် အသင်းအဖွဲ့ဝင်များက ဆုများချီးမြှင့်ခဲ့ကြပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန်းသန်းချစ် က ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအတွက် အာဟာရဆိုင်ရာ အသိပညာပေးခြင်းနှင့် အာဟာရဆေးဝါးများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ရွှေသား(IPRD)**

## ဖျာပုံမြို့၌ စံပြမိခင်နှင့် ကလေးပြိုင်ပွဲကျင်းပ

ဖျာပုံ ဇန်နဝါရီ ၃

ဧရာဝတီတိုင်း ဒေသကြီး ဖျာပုံမြို့နယ်တွင် ခရိုင်မိခင်နှင့် ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ခရိုင်ကျန်းမာရေးဦးစီးဌာနနှင့် ဖျာပုံမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စံပြမိခင်နှင့် ကလေးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ဖျာပုံပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါပြိုင်ပွဲတွင် ဖျာပုံမြို့နယ် အတွင်းရှိ မွေးကင်းစမှ နှစ်နှစ်အထိ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင်ဆုရရှိကြသောသူများအား ဖျာပုံခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သီတာကြိုင်၊ ဖျာပုံခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာရဲဝင်း၊ ဖျာပုံမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ဆန်းဆန်းဦး တို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်ဝင်းနိုင်(ခရိုင်ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)နှင့် အပိုင်း(၃) ရာနှုန်းပြည့် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပဲခူး ဇန်နဝါရီ ၃**

ပဲခူးတိုင်းဒေသကြီးအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)နှင့် အပိုင်း(၃) ရာနှုန်းပြည့်အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း လာရောက်မဲပေးနိုင်ရေး၊ မဲပေးရာတွင်လည်း အချိန်ကုန်သက်သာလျင်မြန်စွာ ဆန္ဒမဲပေးနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ပြည်သူများအတွက် လွယ်ကူစွာမဲပေးနိုင်ရေးအတွက် တတိယအကြိမ် ထုတ်ပြန်ခဲ့သည့် မဲစာရင်းတွင်ပါရှိသော မဲရုံအမှတ်၊ မဲစာရင်းအမှတ်စဉ်များ ကြိုတင်သိရှိနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲရုံများကို နံနက် ၆ နာရီတွင် စတင်ဖွင့်လှစ်သော်လည်း အခြားအုပ်ချုပ်မှုပိုင်းဆိုင်ရာကိစ္စရပ်များကို မဲရုံအတွင်း၌ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရခြင်းအပြင် ဆန္ဒမဲရရှိမှု ရေတွက်ခြင်းအား ညမိုးချုပ်သည့်တိုင် ဆောင်ရွက်ရသဖြင့် မဲရုံတိုင်း မီးလင်းနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအနေဖြင့် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို သိရှိနားလည်သဘောပေါက်စေရေး မွမ်းမံသင်တန်းပေးသွားရမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများအနေဖြင့် မဲရုံများအလိုက် လိုအပ်ချက်မရှိစေရေး မြေပြင်ကွင်းဆင်း၍ ကြိုတင်ပြင်ဆင်ထားရန်နှင့် လိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီဖြည့်ဆည်းပေးသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်က ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း အချိန်မီဆန္ဒမဲပေးနိုင်ရေး MEVM မဲပေးစက်များ ဆက်လက်ဖြန့်ဝေပေးသွားမည့်အခြေအနေကိုလည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်က နယ်မြေဒေသဆိုင်ရာလုံခြုံရေး စီမံဆောင်ရွက်ထားရှိမှုနှင့် ပါတီစုံဒီမိုကရေစီထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေး ပေါင်းစပ်ဆောင်ရွက်သွားမည့်အခြေအနေကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး ရွေးကောက်ပွဲအရာရှိက အပိုင်း(၂)နှင့် အပိုင်း(၃)တွင် ကျင်းပမည့် မဲရုံများအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညွှန်ကြားရေးမှူးက ဆန္ဒမဲပေး ပိုင်ခွင့်ရှိသူတိုင်း မဲပေးခွင့်မဆုံးရှုံးစေရေး နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း တင်ပြဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာသည့် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက သက်ဆိုင်ရာမဲရုံများအလိုက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း အေးချမ်းသက်သာစွာ ဆန္ဒမဲလာရောက်ပေးနိုင်ရေး စီမံဆောင်ရွက်ထားသည့် အုပ်ချုပ်မှုပိုင်းဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ တက်ရောက်လာသည့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းအကြံပြုတင်ပြခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြို့နယ်တစ်ခုချင်းအလိုက် လိုအပ်သည်များ အသေးစိတ်မှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# အပိုင်း(၂) ရွေးကောက်ပွဲကျင်းပမည့် ရပ်စောက်မြို့နယ်သို့ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေး




**ရပ်စောက် ဇန်နဝါရီ ၃**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ်(တောင်ပိုင်း) တာဝန်ခံ ဦးခင်မောင်ဦးသည် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ တောင်ကြီးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရပ်စောက်မြို့သို့ သွားရောက်၍ ရပ်စောက်မြို့ ရဿဝတီမြို့နယ်ခန်းမ၌ တောင်ကြီးခရိုင် အုပ်ချုပ်ရေးမှူး၊ ရပ်စောက်မြို့နယ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မဲရုံမှူးများနှင့် မဲပေးစက်ကိုင်တွယ်သူ ဆရာ ဆရာမများနှင့်တွေ့ဆုံကာ ရွေးကောက်ပွဲပြုလုပ်ရန် ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြသည်။

**ရှင်းလင်းဖြေကြား**

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က မဲဆန္ဒရှင်များ ဆန္ဒမဲပေးရာတွင် မဲစာရင်းစိစစ်မှုအတွက် ဆောင်ရွက်ထားရမည့်အချက်များ၊ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) များ ပြန်လည်စစ်ဆေးခြင်းနှင့် Installation ပြုလုပ်နေခြင်းကို မှားယွင်းမှုမရှိစေရေး ဆောင်ရွက်ရန်၊ မဲရုံမှူးများ မဲရလဒ်များစာရင်းပြုစုရာတွင် ကြိုတင်မဲရလဒ်၊ မဲပေးစက်ရလဒ်များ ဖယားထည့်သွင်းရာတွင် တိကျမှန်ကန်မှုရှိရေး၊ မြန်မာအီလက်ထရောနစ် မဲပေးစက်ချွတ်ယွင်းမှုရှိပါက မဲရုံမှူးများက MEVM ဆိုင်ရာ နည်းပညာ အထောက်အကူပြုအဖွဲ့များ၊ သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ တာဝန်ရှိသူထံ ဆက်သွယ်ပြီး ဆောင်ရွက်နိုင်ရေး၊ လုံခြုံရေးအပါအဝင် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းမှာကြားပြီး ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ တောင်ကြီးခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြကာ တက်ရောက်လာသူများ၏ တင်ပြဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ပေါင်မြို့နယ်၌ မဲရုံအဖြစ်ဆောင်ရွက်မည့် စာသင်ကျောင်းများအား တာဝန်ရှိသူများ လိုက်လံကြည့်ရှု

**ပေါင် ဇန်နဝါရီ ၃**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲရုံအဖြစ်ဆောင်ရွက်မည့် စာသင်ကျောင်းများအား ယနေ့နံနက်ပိုင်းတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မဲရုံအဖြစ်ဆောင်ရွက်မည့် အထက(ပေါင်)၊ အထက(မင်းတန်း)၊ အထက(ကျွဲခြံ)၊ အလက(ခွဲ)ကျခတ်ငူ၊ အထက(မုတ္တမ)၊ အထက(ဇင်းကျိုက်)၊ အထက(ရင်းငြိမ်) စသည့် စာသင်ကျောင်းများတွင် မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့စွာ မဲပေးနိုင်ရေးအတွက် သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နိုင်ခြင်း ရှိ/ မရှိကို လိုက်လံကြည့်ရှုကြသည်။

ပေါင်မြို့နယ်အတွင်း၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၇၂၈၆၂ ဦးရှိပြီး မဲရုံပေါင်း ၉၀ ရှိကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**

# ဒေးဒရဲမြို့၌ မဲရုံဖွင့်လှစ်မည့်စာသင်ကျောင်းများ မီးဘေးလုံခြုံရေးစစ်ဆေး

**ဒေးဒရဲ ဇန်နဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့၌ ရွေးကောက်ပွဲအတွက် မဲရုံဖွင့်လှစ်ဆောင်ရွက်ပေးမည့် စာသင်ကျောင်းများတွင် မီးဘေးလုံခြုံရေး စစ်ဆေးခြင်းကို ဇန်နဝါရီ ၂ ရက်က ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဟန်ဝင်းစိုး ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊



သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မဲရုံဖွင့်လှစ်ဆောင်ရွက်မည့် စာသင်ခန်းများနှင့် ကျောင်းဝင်းအတွင်း မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ မီးသတ်ဆေးဘူးထားရှိမှု အခြေအနေများကို စစ်ဆေးပြီး အရေးပေါ် မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက စနစ်တကျမီးငြိမ်းသတ်ရမည့် နည်းလမ်းများကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဟိန်းကိုအောင်**

# နတ်မောက်မြို့၌ မဲရုံများ မီးဘေးလုံခြုံရေးစစ်ဆေး



**နတ်မောက် ဇန်နဝါရီ ၃**

မကွေး တိုင်းဒေသကြီး နတ်မောက်မြို့ ရန်အောင်မြင်ရပ်ကွက်ရှိ မဲရုံမီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် ကျောင်းသားကျောင်းသူများ၊ မိဘများ မီးဘေးလုံခြုံရေး အသိပညာပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက နတ်မောက်မူလ တန်းကြိုကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်မီးသတ်တပ်ဖွဲ့ ဒုတိယဦးစီးမှူး ဦးသူရက တပ်ဖွဲ့ဝင်များအနေဖြင့် မဲရုံပြုလုပ်မည့် အခြေခံပညာ စာသင်ကျောင်းများ၊ ဓမ္မာရုံများ၏ ပတ်ဝန်းကျင်ရှိ စီးပွားရေးလုပ်ငန်းများ၊ လူနေအိမ်များ၌ မီးလောင်ခြင်း၊ မီးလန့်ခြင်းများ ကင်းဝေးစေရေး စစ်ဆေးဆောင်ရွက်သွားရန် ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်မီးသတ်တပ်ဖွဲ့က မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးအပါအဝင် အခြားသော နည်းလမ်းများဖြင့် မီးငြိမ်းသတ်နည်းကို သရုပ်ပြ၍ မဲရုံတာဝန်ထမ်းဆောင်မည့် ဆရာ ဆရာမများအား လက်တွေ့မီးငြိမ်းသတ်စေခဲ့ကြောင်း သိရသည်။ **လှဝင်း**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဟိုပုံးမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် တက်ရောက်

**ဟိုပုံး ဇန်နဝါရီ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ရွှေရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများက ပညာရေးစုံညီပွဲတော်ဆီ သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဇော်ဦးနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခွန်သိန်းရွှေတို့က အမှာစကား ပြောကြားသည်။



ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ ပညာရေးစုံညီပွဲတော်အတွက် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းတက်မှန်ဆုရရှိသော ဆရာမများကိုလည်းကောင်း၊ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ကျောင်းသား ကျောင်းသူများကိုလည်းကောင်း၊ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် လူရည်ချွန်ဆုရရှိသူများ၊ ပြည်နယ်အဆင့်အားကစားဆုရရှိသူများနှင့် စံပြကျောင်းသားဆုရရှိသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်သို့ သွားရောက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ကျောင်းသား ကျောင်းသူများကိုလည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ပညာရေးစုံညီပွဲတော်အတွက် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(ခွဲ)ပေါင်လင်း ပညာရေးစုံညီပွဲတော်အခမ်းအနားသို့ ရောက်ရှိကာ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ကျောင်းသား ကျောင်းသူများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် Grade-11၊ Grade-10 ပထမနှစ်၊ စက်မှုဘာသာရပ်အထူးပြု ကျောင်းသား ကျောင်းသူများနှင့် ကျောင်းတက်မှန်ဆုရဆရာမများ၊ Grade-10 ပထမနှစ်၊ စိုက်ပျိုးရေးဘာသာရပ်အထူးပြုနှင့် မွေးမြူရေးဘာသာရပ်အထူးပြု ကျောင်းသား ကျောင်းသူများ၊ KG မှ Grade-9 အထိ စာမေးပွဲအောင်မြင်သော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ပညာရေးစုံညီပွဲတော်အတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# ဒဂုံမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ကြီး ဒေါက်တာစန္ဒာမြင့်မြမ်း၊ အကယ်ဒမီခန့်စည်သူ၊ မိဘဆရာ အသင်းနာယကများနှင့် ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များက ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။



ယင်းနောက် အခမ်းအနားကို ဒဂုံသီရိခန်းမ၌ ဆက်လက်ကျင်းပရာ အထက(၁)ဒဂုံ ကျောင်းအုပ်ကြီးနှင့် မိဘဆရာအသင်းနာယက ဒေါက်တာစိုးသိန်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အထက(၁)ဒဂုံ၏ ကျောင်းဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ဝိုင်းဝန်းပံ့ပိုးကြသော အတန်းအသီးသီးမှ ကျောင်းသားမိဘများကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ခွင့်ရက်မပျက် ကျောင်းတက်မှန်သော ဆရာ ဆရာမများ၊ ကျောင်းရုံးဝန်ထမ်းများ၊ The Open International Biology Olympiad 2025 by Russia ဆုရအဖွဲ့ခုနစ်ဦး၊ “Icebreaker of Knowledge” Project by Russia ဆုရအဖွဲ့နှစ်ဦး၊ Bridge Summer Camp (2025) Junior Ambassador, Japan ဆုရအဖွဲ့တစ်ဦး၊ Asian Pacific Children’s Convention, APCCJunior Ambassador (2025) ဆုရအဖွဲ့တစ်ဦး၊ National Institution youth Education, Japan(2025 NIYE Junior Program, Cultural Exchange Program ဆုရအဖွဲ့နှစ်ဦးတို့နှင့် ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းအဆင့်၊ ဗဟိုအဆင့်၊နိုင်ငံတကာအဆင့်လူရည်ချွန်ဆုရရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် နေ့ကြီးရက်ကြီး အထိမ်းအမှတ် (အထက်တန်း၊ အလယ်တန်း၊ မူလတန်း) အဆင့်၊ နိုင်ငံတကာအဆင့် အားကစားဆု၊ အချက်အပြုတ်ပြိုင်ပွဲ၊ (၃၈) ဖြာယဉ်ကျေးလိမ်မာ၊ ကျောင်းကျန်းမာရေး အထိမ်းအမှတ် မိဘများ၏ Lunch Box ပြိုင်ပွဲ၊ ဗုဒ္ဓဘာသာဝတ်ရွတ်၊ ကဗျာလွတ်၊ ဘင်ခရာ၊ သံစုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်လွှာများနှင့် ဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**သတင်းစဉ်**




၂၀၂၅-၂၀၂၆ ခုနှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက် နံနက်၉နာရီက အလုံမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်ဦးအောင်စိုးက ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

# မိတ္ထီလာမြို့ အထက(ချည်စက်)၌ ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကျင်းပ

**မိတ္ထီလာ ဇန်နဝါရီ ၃**

မိတ္ထီလာမြို့ အခြေခံပညာ အထက်တန်းကျောင်း (ချည်စက်) တွင် ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေး စုံညီပွဲတော်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**ကျေးဇူးတင်စကားပြောကြား**

ဦးစွာ မြို့နယ်ပညာရေးမှူး ဦးဝင်းလှိုင်က အမှာစကား ပြောကြားပြီး အထက်တန်းပြဆရာမ ဒေါ်ခင်သီတာက ကျေးဇူးတင်စကားပြောကြားသည်။



အခမ်းအနားတွင် ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် သင်ကြားပြသပေးသည့် ဆရာ ဆရာမများ၊ ကျောင်း၏ သင်ထောက်ကူပြပွဲ ပြိုင်ပွဲတွင် သင်ထောက်ကူ အကောင်းဆုံးရရှိခဲ့သော ဘာသာရပ်တာဝန်ခံ ဆရာ ဆရာမများနှင့် စိုက်ပျိုးရေးဆုရရှိခဲ့သော ဆရာ ဆရာမများအား ဂုဏ်ပြုဆုများကို မိတ္ထီလာတက္ကသိုလ်မှ ဒုတိယ ပါမောက္ခချုပ် ဒေါက်တာ နေအောင်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ရေးမြို့နယ်၌ (မြို့နယ်အဆင့်) ပညာရေးစုံညီပွဲတော် ကျင်းပ

**ရေး ဇန်နဝါရီ ၃**

မွန်ပြည်နယ် ရေးမြို့နယ်တွင် ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် (မြို့နယ်အဆင့်)ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပရာ ခရိုင်ပညာရေးမှူး ဒေါ်ခင်ခင်စန်းက ပညာရေးစုံညီပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ရေးမြို့နယ် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ခိုင်ဇော်၊ ရေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထိန်စိုးနှင့် ခရိုင်စီမံအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဗဟို/ ပြည်နယ်အဆင့် မူလတန်းနှင့် အလယ်တန်း သင်္ချာ/ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲဆုရရှိသူများ၊ မြို့နယ်အဆင့်မူလတန်းနှင့် အလယ်တန်းသင်္ချာ/အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲဆုရရှိသူများ၊ (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် (မြို့နယ်အဆင့်) မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပြိုင်ပွဲဆုရရှိသူများ၊ မြို့နယ်အဆင့် ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲဆုရရှိသူများနှင့် ၂၀၂၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်အကောင်းဆုံးဆုရရှိသည့် ကျောင်းများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ရှင်းသန့်ဖြူ**



# ပခုက္ကူမြို့၌ (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်အလံများလွှင့်ထူ



ပခုက္ကူ ဇန်နဝါရီ ၃

၂၀၂၆ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ နိုင်ငံတော်အလံများ လွှင့်ထူကြသည်။

ပခုက္ကူမြို့ပေါ် ရပ်ကွက်များရှိ အဓိကလမ်းမကြီးများ၊ ရုံးများ၊ ကျောင်းများ၊ ဆေးရုံဆေးခန်းများ၊ ဈေးဆိုင်ခန်းများ၊ ပုဂ္ဂလိကလူနေအိမ်အဆောက်အအုံများ အားလုံးတွင် နိုင်ငံတော်အလံများ လွှင့်ထူလျက်ရှိသည့်အပြင် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ၊ လွတ်လပ်ရေးကျောက်တိုင်၊ အစိုးရရုံးများနှင့် မြို့မလမ်းတို့တွင်လည်း ရောင်စုံမီးများ ထွန်းညှိထားရှိခြင်းတို့ဖြင့် ပြည်သူများက (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြကြောင်း၊ နိုင်ငံတော်အလံ လွှင့်ထူခြင်းသည် နိုင်ငံတော်ကို ကိုယ်စားပြုခြင်း၊ နိုင်ငံ၏ဂုဏ်ကျက်သရေနှင့် အချုပ်အခြာအာဏာကို ဖော်ပြခြင်း၊ နိုင်ငံသားများအကြား မျိုးချစ်စိတ်ဓာတ်နှင့် စည်းလုံးညီညွတ်မှုကို မြှင့်တင်ပေးခြင်း၊ အစိုးရနှင့် နိုင်ငံ၏အုပ်ချုပ်ရေးကို ဂုဏ်ပြုခြင်း၊ နိုင်ငံတကာအလယ်တွင် နိုင်ငံကိုကိုယ်စားပြုခြင်း စသည့် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် နိုင်ငံတော်အလံများ လွှမ်းခြုံနေစေရေးအတွက် လွှင့်ထူထားခြင်း ဖြစ်ကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံသားများ အတွက် ထူးမြတ်သောနေ့တစ်နေ့ ဖြစ်သည့် အားလျော်စွာ လွတ်လပ်ရေးနေ့တွင် အလံတင်ပွဲ၊ သဝဏ်လွှာဖတ်ကြားပွဲနှင့်အတူ ကာယ၊ ဉာဏစွမ်းရည် ပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပလေ့ရှိကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**



# သာစည်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ကျင်းပ

သာစည် ဇန်နဝါရီ ၃

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ရွာကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းရှိ ပိတောက်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက ကြိုဆိုပါသည် စုံညီပွဲတော်သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၏ တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ၊ ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း ထူးချွန်ဆုရရှိကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လှူဒါန်းကြသည့် အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ၊ ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ခဲ့ကြပြီး ကျောင်းသား ကျောင်းသူများ၏ သီဆို၊ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အင်းစိန်မြို့နယ်၌ ပညာရေးစုံညီပွဲတော် ကျင်းပ



ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းရှိ ရွှေဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့်က ပညာရေးစုံညီပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် မိဘဆရာအသင်းနာယကကြီး ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က ဂုဏ်ပြုစကားပြောကြားသည်။

ယခုပညာသင်နှစ်တွင် ကာယထူးချွန်ဆု ၃၈ ဆုနှင့် ဉာဏထူးချွန်ဆု ၁၁၂ ဆု စုစုပေါင်း ဆု ၁၅၀ ရရှိသည့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကာ ကျောင်းသား ကျောင်းသူများက အဆို၊ အကများဖြင့် တင်ဆက်ဖျော်ဖြေပေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

# မြဝတီမြို့၌ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ပညာရေးစုံညီပွဲတော် ကျင်းပ



မြဝတီ ဇန်နဝါရီ ၃

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် ယနေ့နံနက် ၉ နာရီက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပသည်။

အဆိုပါအခမ်းအနားကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ ခရိုင်စီမံခန့်ခွဲရေးအဖွဲ့ဝင်(၂) ဦးစိန်သောင်း၊ မြို့နယ်ပညာရေးမှူး ဦးမိုးကျော်၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးညီညီအောင်နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ဆက်လက်၍ (၂၆)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်၊ ပြည်နယ်အဆင့်၊ ခရိုင်/မြို့နယ်အဆင့် ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ Grade -4 ကျောင်းသား မောင်ဖွဲ့ချစ်အောင်က အဆိုဖြင့်လည်းကောင်း၊ ကျောင်းသား ကျောင်းသူများက ကဗျာလွတ် အကအလှများဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။ ထို့နောက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပြည်နယ်/ခရိုင်/မြို့နယ်/ ကျောင်းအဆင့် ပြိုင်ပွဲများတွင် ပညာရည်ချွန်ထူးချွန်ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများကိုလည်းကောင်း၊ ပညာရေးစုံညီပွဲတော် ကျင်းပနိုင်ရေးအတွက် ပံ့ပိုးကူညီပေးသည့် စေတနာရှင် အလှူရှင်များကိုလည်းကောင်း တာဝန်ရှိသူများက ဂုဏ်ပြုဆုများနှင့် မှတ်တမ်းလွှာများ ချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။ **ဆောင်းနှင်းဖြူ(ပြန်/ဆက်)**



# မင်းလှမြို့နယ်၌ မီးဘေးလုံခြုံရေး လက်တွေ့သရုပ်ပြ

မင်းလှ ဇန်နဝါရီ ၃

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မီးသတ်ဦးစီးဌာနက ဦးဆောင်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စက်သုံးဆီအရောင်းဆိုင်အား သရုပ်ပြငြိမ်းသတ်ခြင်းကို ယနေ့မွန်းလွဲ ၃ နာရီက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်စိုးလင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် စိုးထက်ဝင်းစက်သုံးဆီအရောင်းဆိုင်အား မီးဘေးလုံခြုံရေးစစ်ဆေးရာတွင် ဆီဖြည့်နေစဉ် မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွားစေရန်၊ စက်သုံးဆီ သိုလှောင်ထားရှိမှုများသည် မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိ/မရှိ၊ မတော်တဆမီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်ဆေးဘူးများ အသုံးပြုတတ်စေရေး၊ စက်သုံးဆီအရောင်းဆိုင်များတွင် ပြည်သူများသိရှိလိုက်နာစေရေးအတွက် မီးဘေးလုံခြုံရေး သတိပေးဆိုင်းဘုတ်များ ထားရှိစေရေးတို့ကို စစ်ဆေးအကြံပြုခြင်းနှင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုခန့်**

# အသက် ၂၀ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၀ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့က မှော်ဘီမြို့နယ် ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲကို မှော်ဘီ(အား/ကာ)ဘောလုံးကွင်း၌ ကျင်းပရာ နယ်မြေ(၂)အသင်းနှင့်နယ်မြေ(၇)အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး နယ်မြေ(၇)အသင်းက နယ်မြေ(၂)အသင်းကို ၁ဂိုး-ဂိုးမရှိ ဖြင့်အနိုင်ရရှိခဲ့သည်။ ထို့နောက် ဆုပေးပွဲကိုကျင်းပရာ တတိယဆုရရှိသည့် နယ်မြေ(၆) အသင်းအား မှော်ဘီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး ငွေတင်က တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသည့် နယ်မြေ(၂)အသင်းအား မှော်ဘီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ဝေမိုးအောင်က တစ်ဦးချင်း



ဆုတံဆိပ်နှင့် ငွေသားဆု ၁၀ သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကာ ပထမဆုရရှိသည့် နယ်မြေ(၇) အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆု သိန်း၂၀ကိုမှော်ဘီမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်ဦးဝင်းစိုးက ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းအမှတ်(၉) ရပ်ကွက်၊ မြေကွက်အမှတ် (၇၆၆)၊ မြေအကျယ်အဝန်း- (၄၀ပေx ၆၀ပေ)၊ ဧရိယာ (၂၄၀၀)စတုရန်းပေရှိ ဒေါ်ကျင်ငွေ (S/OKA-၀၁၃၉၆၉) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေအကျယ်အဝန်း- အလျားxအနံ (၂၀ပေx ၆၀ပေ)ရှိ မြေကွက်နှင့် နေအိမ်အား အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးဇော်တင့် [၁၂/ဥကတ(နိုင်) ၀၄၅၀၀၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ် ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာငြိမ်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၄၀၁)**
**အမှတ်(၇၉၃/က)၊ စာဂ(၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း- ၀၉-၅၁၃၁၂၀၃၊ ၀၉-၂၅၁၀၁၂၅၃၀**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၀)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်- သကမ- ၁၊ မြေကွက်အမှတ်- ၆၀/ခ၊ ၄ဝါလမ်း၊ မြေကွက်ပိုင်ရှင် ဦးဘဝယ် ပါမစ်အမည်ပေါက် မြေကွက်အကျယ်အဝန်း အလျား(၂၀)ပေx အနံ(၆၀) ပေရှိ မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို စာချုပ်အဆက်အစပ်ဖြင့် ဦးမြင့်ဦး [၁၂/လသယ(နိုင်)၀၉၁၂၉၀]က ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းမရှိကြောင်း ဝန်ခံကတိပြုပြီး ကာလပေါက်ဈေးအတိုင်း ရောင်းချရန်ကမ်းလှမ်းခဲ့သဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးတောက်ထိန် [၁၂/လသယ(နိုင်) ၀၇၉၄၆၅]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြေညာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်း အဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးတောက်ထိန်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးမင်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၁၉၀၀)**
**အမှတ်(၁၅၃၃/ခ)၊ ထူပါရုံ (၁၆)လမ်း၊ အရှေ့ ၁/ထူပါရုံရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - 09-796566191**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိ လမ်း၊ အမှတ် (၁၁၇၀)ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်အနက်မှ စတုတ္ထ ထပ်၊ (၅-လွှာ/ဘီ)၊ (ခြေရင်းခန်း)တိုက်ခန်းနှင့်တကွ ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင် မော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူများဖြစ်သော **(၁) မဆွေဇင်လှဲ့ [၁၂/တမန (နိုင်)၁၂၇၀၆၉]၊ (၂) မောင်ပြည့်စုံဖြိုး [၁၂/တမန(နိုင်)၁၂၇၁၈၁]**တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော **ဒေါ်ဆုသည်းဦး [၁၂/ကမရ(နိုင်)၀၅၃၁၈၄]**က ဝယ်ယူရန် အတွက် ရောင်းဖိုး၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ သည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထား(မူရင်း)များတကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူသင်းကြိုင် (LL.B, D.BL) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၁၃၀၈)**
**ရုံး - အမှတ် (၄၃)၊ ပထမထပ် (ခေါင်းရင်းခန်း)၊ သီတာလမ်း၊**
**ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၇၈၁၅၇၇၉၆၉၊ ၀၉-၄၀၀၂၄၉၉၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက် အမှတ်(၈၈-၈)၊ ဦးပိုင်အမှတ်(၈၄)ခဲစင်း၊ ၅၂x၅၃ ကြား၊ ၁၀၇(F)လမ်းရှိ တောဂရန်မြေကွက် အမည်ပေါက်သူ တပ်သားတင်လှ [၉/မနမ (နိုင်) ၀၈၈၄၆၀]က အမှုတွဲအမှတ် (၄၅၉၂/၂၀၂၅-၂၀၂၆)ဖြင့် တောမှ မြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၃၂/၁၂)ရပ်ကွက်၊ ပိတောက် လမ်း(ခ) ယင်းမာလမ်း၊ အမှတ်-(၈၀၅)ဟုခေါ်တွင်သော မြေကွက် (အလျား ၄၀ပေx အနံ ၆၀ပေ)အနက်မှ ခြေရင်းခြမ်း မြေကွက် (အလျား- ၂၀ ပေx အနံ ၆၀ ပေ)နှင့် ယင်းမြေပေါ်ရှိ အိမ်အဆောက်အဦ၊ ရေ၊ မီးမီတာအပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်ကို ပါမစ်အမည်ပေါက် ဗိုလ်ကြီးသော်တာ (KTDA- ၀၀၃၇၆၉) ထံမှဝယ်ယူကာ ယခုတွင် လက်ဝယ်ရရှိ တရားဝင်ပိုင်ဆိုင်သည်ဟုဆိုသော ဒေါ်စန်းဝင်း [၁၂/ရပသ(နိုင်) ၀၀၀၅၇၆]နှင့် ဒေါ်မွှေးသီတာ [၁၂/ရပသ(နိုင်) ၀၉၃၇၇၄]တို့ထံက ကျွန်ုပ်မိတ်ဆွေ ဒေါ်လှိုင်လှိုင်ဌေး [၉/တသန(နိုင်)၁၅၃၈၉၄]မှ ဝယ်ယူရန်အတွက် (၂-၁-၂၀၂၆)ရက်နေ့တွင် အိမ်ခြံမြေတန်ဖိုးအနက် စရန်ငွေ တချို့တစ်ဝက်ကို ပေးချေခဲ့ပြီးနောက် အိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ် စာချုပ်အား (၃၀-၆-၂၀၂၆)ရက်နေ့ နောက်ဆုံးထား၍ ပြုလုပ်ချုပ်ဆိုကြမည်ဖြစ်ပါ သည်။ ထိုသို့ ဝယ်ယူသူ ကျွန်ုပ်မိတ်ဆွေနှင့် ရောင်းချသူ ဒေါ်စန်းဝင်း၊ ဒေါ်မွှေး သီတာတို့ အရောင်းအဝယ်ပြုလုပ်ကြသည့် အထက်လိပ်စာပါ အိမ်ခြံမြေနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ကန့်ကွက်ရန်ရှိပါက ထိုအိမ်ခြံမြေ၏ ပိုင်ဆိုင်မှုစာရွက် စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းများမရှိပါက သတ်မှတ်ရက်တွင်သော်လည်းကောင်း (သို့မဟုတ်) သတ်မှတ်ရက်မတိုင်ခင်သော် လည်းကောင်း ကျန်ငွေများကို ဆက်လက်ပေးချေ၍ အိမ်ခြံမြေအပြီးသတ် အရောင်းအဝယ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်ဇော်ထွန်း (LL.B.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၆၉၉)**
**အမှတ်- ၆၁၁(က)၊ ရတနာသီရိလမ်း၊ ၈၂/ ၃၃/၁၀-ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်။ ဖုန်း- ၀၉-၄၂၀၀၂၉၈၇၉**

## "ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ပေါ်တော်မူလမ်း၊ တိုက်အမှတ်(၃၇)ဟု ခေါ်တွင်သည့် (၅)လွှာ၊ အကျယ်အဝန်း (အလျား ၁၈ ပေ x အနံ ၄၆ ပေ)ရှိ တိုက်ခန်း တစ်ခန်း နှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

အထက်ဖော်ပြပါ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမောင်မောင် [၁၄/လပတ(နိုင်) ၀၁၂၄၇၂]မှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိ ကြောင်း၊ ပြောဆိုဝန်ခံပြီး ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဦးကျော်စွာမင်း [၁၂/ဥကမ(နိုင်)၁၆၂၃၈၁]က ဝယ်ယူရန် သဘောတူသဖြင့် ရောင်းချသည့်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ် ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်း(မူရင်း)များနှင့်အတူ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးကျော်စွာမင်း [၁၂/ဥကမ(နိုင်)၁၆၂၃၈၁]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူသင်းသွယ်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၄၈၁)**
**တိုက် (၄/၁၀၂)၊ (၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ အေးရိပ်မွန်အိမ်ရာ၊**
**လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၉၅၄၀၉၇၇၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက် အမှတ်(ဖ-၂)၊ ဦးပိုင်အမှတ် (၄၇)၊ ၅၉ လမ်း၊ ၁၁၀x၁၁၀(A)လမ်းရှိ ဦးကျော်လွင် (ခ) လျှိုစင်စိန်းထံမှ အမွေဆက်ခံစာချုပ်အမှတ်(၇၉၁/၂၀၂၅) ဖြင့် အမွေဆက်ခံခဲ့သော ဦးဝင်းလွင်ဦး [၉/မရတ(နိုင်) ၀၀၁၄၈၉]၊ ဦးမင်းထွန်း (ခ) မျိုးမင်းထွန်း [၉/မရတ(နိုင်) ၀၀၁၄၉၀]၊ ဦးသန့်ဇင်အောင် [၉/မရတ (နိုင်)၁၃၀၉၃၁]၊ ဦးအောင်လွင်ဦး [၁၃/လရန(နိုင်) ၀၇၉၆၄၇]တို့က အမှုတွဲ အမှတ်(၄၅၆၉/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်းလျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက် အမှတ်(ဖ-၂)၊ ဦးပိုင်အမှတ်(၃၄)၊ ၅၉လမ်း၊ ၁၁၀x၁၁၀(A)လမ်းရှိ ဦးကျော် လွင်(ခ)လျှိုစင်စိန်းထံမှ အမွေဆက်ခံစာချုပ်အမှတ် (၇၉၀/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဦးဝင်းလွင်ဦး [၉/မရတ (နိုင်) ၀၀၁၄၈၉]၊ ဦးမင်းထွန်း (ခ) မျိုးမင်းထွန်း [၉/မရတ(နိုင်) ၀၀၁၄၉၀]၊ ဦးသန့်ဇင်အောင် [၉/မရတ (နိုင်) ၁၃၀၉၃၁]၊ ဦးအောင်လွင်ဦး [၁၃/လရန(နိုင်) ၀၇၉၆၄၇]တို့က အမှုတွဲ အမှတ်(၄၅၆၈/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ကုန်းမြင့်သာ(၃)လမ်း၊ အမှတ်(၁၀)နေ ဒေါ်သူဇာလွင် [၉/ဇဗသ(နိုင်) ၀၀၂၈၅၈] ကိုင်ဆောင်သူက ဦးသိန်းဌေး (USCIS-212-064-117)ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာကို (၃-၁၁-၂၀၂၅)ရက်နေ့တွင် လက်ခံ ရရှိပါသည်။ ဦးသိန်းဌေး (USCIS-212-064-117) 902N MEAOWS DR#D AUSTIN, TX 78758,USAမှ ဒေါ်သူဇာလွင်အား လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၅၈၀)**
**အမှတ်(၇/က)၊ ဓမ္မရောင်ခြည်ကျောင်းလမ်း၊ အမှုထမ်းရပ်ကွက်၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၃၀၁၇၁၃**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အုတ်ဖိုကျေးရွာ အုပ်စု၊ ဘုံရှည်ကုန်းကျေးရွာ၊ ညောင်ပင်သာလမ်း၊ အိမ်အမှတ်-၈/ခ/၃၈၊ အကျယ်ပေ(၂၅x၁၀၀)ရှိ ရွာမြေအမျိုးအစားမြေကွက်အားဝယ်ယူ၍ နေအိမ်ဆောက်လုပ်ပိုင်ဆိုင်ခဲ့ပြီး ညီမဖြစ်သူ ဒေါ်နန့်စမ်းမြင့်အား နေထိုင်စေလျက်ရှိသော ဦးလှသိန်းပိုင်အိမ်မြေ၏ ပိုင်ဆိုင်မှုဖြစ်သည့် မူလပိုင်ရှင်ဖြစ်သူ ဦးမောင်မောင်မြင့်နှင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးလှသိန်းတို့ချုပ်ဆိုထားသော **(၃-၉-၂၀၀၁)ရက်စွဲပါ "မြေကွက် နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်"**မူရင်းမှာ ဦးလှသိန်း လက်ဝယ်မှ ပျောက်ဆုံးသွားသည့်အတွက် အဆိုပါစာချုပ်မူရင်းအား လက်ဝယ်ထားရှိသူ မည်သူမဆို ပိုင်ရှင် ဦးလှသိန်းထံသို့ ဆက်သွယ် ပေးအပ်ပါရန်နှင့် ဦးလှသိန်းထံသို့ ပြန်လည်ပေးအပ်ခြင်းမရှိဘဲ လက်ဝယ်ထားရှိကြောင်းသိရှိပါက ပိုင်ရှင်ဦးလှသိန်းမှ ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးလှသိန်း** | **ဒေါ်ခင်မာလွင်(LL.B, D.B.L)** |
| **[၁၄/မမန(နိုင်)၀၂၄၆၈၃]** | **တရားလွှတ်တော်ရှေ့နေ** |
| **အမှတ်- ၁၈၂၊ ဗိုလ်ချုပ်လမ်း၊** | **(စဉ်- ၇၆၅၂)** |
| **(၅)ရပ်ကွက်၊** | **အမှတ်- ၁၉၂၊ ဗိုလ်ချုပ်လမ်း၊** |
| **ရွှေပြည်သာမြို့နယ်။** | **(၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| **ဖုန်း-၀၉-၇၈၁၅၇၃၉၅၀** | **ဖုန်း-၀၉-၅၁၈၉၆၈၉** |

## ပျောက်ဆုံးကြောင်း

(ဘ) ဦးစိုးမြင့်၏သမီး နှင်းသီသီစိုး [၁၂/ဒပန (နိုင်) ၀၄၂၂၈၃] ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၈၉၁၂၇၀၄၉၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည် မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၂)၊ ဦးပိုင်အမှတ် (၄၈)၊ ၅၉ လမ်း၊ ၁၁၀x၁၁၀(A) လမ်းရှိ ဦးကျော်လွင်(ခ) လျှိုစင် စိန်းထံမှ အမွေဆက်ခံစာချုပ် အမှတ် (၇၈၆/၂၀၂၅)ဖြင့် အမွေ ဆက်ခံခဲ့သော ဦးဝင်းလွင်ဦး [၉/ မရတ(နိုင်)၀၀၁၄၈၉]၊ ဦးမင်းထွန်း (ခ) မျိုးမင်းထွန်း [၉/မရတ(နိုင်) ၀၀၁၄၉၀]၊ ဦးသန့်ဇင်အောင် [၉/ မရတ(နိုင်)၁၃၀၉၃၁]၊ ဦးအောင် လွင်ဦး [၁၃/လရန(နိုင်) ၀၇၉၆၄၇] တို့က အမှုတွဲအမှတ် (၄၅၇၀/ ၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံ သော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန် မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက် အမှတ် (လလ-၄၁)၊ ဦးပိုင်အမှတ် (၉)၊ ၅၆x၅၇ ကြား၊ ၁၄၀x၁၄၁ လမ်း ကြားရှိ ဂရန်မြေကွက် အမည် ပေါက်သူ ဒေါ်ခင်သိန်းထံမှအရောင်း အဝယ်စာချုပ်အမှတ် (၁၁၁၅/ ၂၀၁၄)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင် ကျော်ထံမှ အရောင်းအဝယ်စာချုပ် အမှတ် (၁၄၆၅/၂၀၂၅)ဖြင့် ဝယ်ယူ ခဲ့သော ဦးမျိုးသန့် [၉/မဟမ(နိုင်) ၀၄၁၇၉၉]၊ ဒေါ်မိုးသဲဦး [၉/မဟမ (နိုင်)၀၄၂၈၇၄]တို့က အမှုတွဲအမှတ် (၄၅၇၈/၂၀၂၅-၂၀၂၆)ဖြင့် သက် တမ်းတိုး၊ အမည်ပြောင်းလျှောက် ထားလာပါသည်။ ကန့်ကွက်လို ပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများ ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့ နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက် ရပ်ကွက်၊ အကွက်အမှတ်(၂၇၀)၊ ဦးပိုင် အမှတ် (၉-ဆ) ခဲစင်း၊ ၈၇ လမ်း၊ ၃၃x၃၄ လမ်းကြားရှိ ဒေါ်ခင်အေး (သမီး) မစ္စုအုန်းတို့ အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံ စာချုပ်အမှတ်(၂၀၉၆/၂၀၂၃)ဖြင့် အမွေ ဆက်ခံခဲ့သော ဒေါ်စိမ်းစိမ်းအုန်း(ခ) မစ္စုအုန်း၊ ဒေါ်ခိုင်မာမြင့်တို့ (၂)ဦး အနက် ဒေါ်ခိုင်မာမြင့်ထံမှ စွန့်လွှတ် စာချုပ်အမှတ် (၄၂၈၀/၂၀၂၃)ဖြင့် လက်ခံခဲ့သူ ဒေါ်စိမ်းစိမ်းအုန်း(ခ) မစ္စုအုန်းထံမှ အရောင်းအဝယ်စာချုပ် အမှတ် (၁၄၂၅/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရွှေဝါ(ခ)အေးအေးစိန် [၈/ပခက (နိုင်)၁၄၆၅၀၁]က အမှုတွဲအမှတ် (၀၄၇၃/ဘခွဲ(ပြောင်း)/၂၀၂၅-၂၀၂၆) ဖြင့် ဘိုးဘ၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## စေ့စပ်ကြောင်းလမ်းမင်္ဂလာပြီးစီးကြောင်း ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ မကြီးကုန်းကြီးကျေးရွာနေ
ဦးကောက်ဆွ + ဒေါ်ပုလေးတို့၏ သားလတ်

**မောင်ဟန်ညွန့် B.E (Electronic)**
**Pan Asia Co.,Ltd (Supervisor)**
**Myanmar Post and Telecommunication (MPT)**
**(Project Coordinator)**

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
တောင်ညွန့်ကြီးရပ်ကွက်၊ ၁၀၈ လမ်း၊ အမှတ်(၄၃) ၅ လွှာနေ
ဦးသန့်ဇင် (ရွှေမနေအောင်ကုမ္ပဏီ) + ဒေါ်တင်တင်သန်းတို့၏
တစ်ဦးတည်းသောသမီး

**မအိပိုပိုချစ် B.A (English)**
**Diploma in Accounting and Finance (UK)**
**King Metal Trading Co.,Ltd (Accountant)**

တို့သည် နှစ်ဖက်သော မိဘများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း မင်္ဂလာပြီးစီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

## အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အတွင်း ပဒံကျေးရွာအုပ်စု၊ အနော်ရထာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(သကတ-၁၆)၊ မြေကွက်အမှတ် (၁၃၂) ဟုခေါ်တွင်သော (အလျား ၈၀ပေx အနံ ၇၅ပေ) အကျယ်ရှိ မြေကွက်နှင့် နေအိမ်အား ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းလင်းအောင် [၁၂/မဘန(နိုင်) ၁၂၃၄၉၁] ကိုင်ဆောင်သူမှ တရားဝင်ပိုင်ဆိုင်၍ လက်ရောက်ရရှိထားသူဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ဦးထွန်းလင်းအောင် မသိရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်း၊ လွှဲပြောင်းစွန့်လွှတ်ခြင်းများ ခွင့်မပြုကြောင်းနှင့် ဦးထွန်းလင်း အောင်မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မူမူအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၃၄၆)**
**အင်းစိန်နစုပေါင်းရုံးဝင်းကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၃၁၉၀၀၈၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက် အမှတ်(ဖ-၂)၊ ဦးပိုင်အမှတ်(၃၂)၊ ၅၉လမ်း၊ ၁၁၀x၁၁၀(A)လမ်းရှိ ဦးကျော်လွင် (ခ) လျှိုစင်စိန်းထံမှ အမွေဆက်ခံစာချုပ်အမှတ်(၇၈၈/၂၀၂၅)ဖြင့် အမွေ ဆက်ခံခဲ့သော ဦးဝင်းလွင်ဦး [၉/မရတ (နိုင်) ၀၀၁၄၈၉]၊ ဦးမင်းထွန်း(ခ) မျိုးမင်းထွန်း [၉/မရတ (နိုင်) ၀၀၁၄၉၀]၊ ဦးသန့်ဇင်အောင် [၉/မရတ (နိုင်) ၁၃၀၉၃၁]၊ ဦးအောင်လွင်ဦး [၁၃/လရန (နိုင်) ၀၇၉၆၄၇]တို့က အမှုတွဲ အမှတ်(၄၅၆၇/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်းလျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်- ၃ ရပ်ကွက်၊ အကွက် အမှတ်(င-၆)၊ ဦးပိုင်အမှတ် (၇၁)၊ ၆၂ လမ်း၊ ၁၀၆ x ၁၀၇ လမ်းကြားရှိ ဦးစန်းအောင် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၁၄၂၀/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်သန်းဌေးရီ [၉/မနမ(နိုင်) ၀၅၈၁၄၄]၊ ဒေါ်နွယ်နွယ်မြင့် [၉/မနမ(နိုင်) ၀၀၇၀၅၁]တို့က အမှုတွဲအမှတ် (၄၅၈၇/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်- ၃ ရပ်ကွက်၊ အကွက် အမှတ်(င-၆)၊ ဦးပိုင်အမှတ် (၇၀)၊ ၆၂ လမ်း၊ ၁၀၆x၁၀၇ လမ်းကြားရှိ ဦးစန်းအောင် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ် အမှတ် (၁၄၂၁/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်သန်းဌေးရီ [၉/မနမ (နိုင်) ၀၅၈၁၄၄]၊ ဒေါ်နွယ်နွယ်မြင့် [၉/မနမ(နိုင်) ၀၀၇၀၅၁]တို့က အမှုတွဲအမှတ်(၄၅၈၆/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၈)၊ ဦးပိုင်အမှတ်(၈၄)ခဲစင်း၊ ၅၂x၅၃ ကြား၊ ၁၀၇(F)လမ်းရှိ တောဂရန်မြေကွက် အမည်ပေါက်သူ တပ်သား တင်လှ [၉/မနမ(နိုင်) ၀၈၈၄၆၀]က အမှုတွဲအမှတ် (၄၅၉၁/၂၀၂၅- ၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲလျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

❖ **ပညာတတ်များဖြစ်မှသာလျှင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် လူသားအရင်းအမြစ်ကောင်းများလည်း ရရှိနိုင်မည်ဖြစ်ပြီး ဒေသနှင့်နိုင်ငံ၏ အကျိုးကိုလည်း ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန် ၁၀ ရက်နေ့တွင် စစ်ကိုင်းမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၅၆၃ လုံး စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်




KK Park နယ်မြေအပိုင်း(၂)တွင် တရားမဝင်ဆောက်လုပ်ထားသည့် လေးထပ်လူနေအဆောက်အအုံအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီး တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၃**

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချ ဖျက်ဆီးခြင်းများကို အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ရှစ်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး(KK Park) အပိုင်း(၃)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် **စာမျက်နှာ ၂၆ ကော်လံ ၁ သို့** ★

## ကာဂလီယာရီအသင်းကို အနိုင်ရပြီး အေစီမီလန်အသင်း စီးရီးအေအမှတ်ပေးဇယားထိပ်၌ ဦးဆောင်နိုင်ခွင့်ရရှိ

အေစီမီလန်အသင်းဟာ ဇန်နဝါရီ ၂ ရက်ညပိုင်းက ကာဂလီယာရီအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ အီတလီစီးရီးအေပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။

အေစီမီလန်အသင်းဟာ ကာဂလီယာရီအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အေစီမီလန်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ဒုတိယပိုင်း ပွဲကစားချိန် မိနစ် ၅၀ မှာ ရာဖေးလ်လီအိုက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

**စာမျက်နှာ ၂၇ ကော်လံ ၁ သို့** ✣



ကာဂလီယာရီအသင်းနှင့် အေစီမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



## ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ MSME ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲဆက်လက်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃**

၂၀၂၆ ခုနှစ်(၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် MSMEဈေးရောင်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲကို ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပွဲတော်သို့ လာရောက်လည်ပတ် ပါဝင်ဆင်နွှဲသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့ဖျော်ဖြေပွဲသို့ နံနက်ပိုင်းမှစတင်၍ ဒေသခံပြည်သူများ မိသားစုများအလိုက်၊ မိတ်ဆွေသူငယ်ချင်းများ အစုအဖွဲ့အလိုက် ဂီတဖျော်ဖြေပွဲကျင်းပမည့် ပြည်သူ့ရင်ပြင်ကွင်း၌ ပါဝင်ဆင်နွှဲရန် မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ လမ်းလျှောက်၍လည်းကောင်း တဖွဲဖွဲလာရောက်ကြသည်။

တေးဂီတဖျော်ဖြေပွဲသို့ ဝင်ရောက်ရသည့် ဂိတ်အဝင်ဝမှ ဖျော်ဖြေပွဲကျင်းပသည့် စတိတ်စင်အထိ လျှောက်လမ်းများနှင့် ပွဲတော်အတွင်းရှိနေရာများ၌ လာရောက်အပန်းဖြေလည်ပတ်ကြသူများ စိတ်အပန်းဖြေပျော်ရွှင်စေရန်အတွက် ရောင်စုံအလှမီးများဖြင့် လှပဝေဆာစွာဆင်ယင်ထွန်းညှိအလှဆင်ထားပြီး Photo Booth များတွင် **စာမျက်နှာ ၂၆ ကော်လံ ၅ သို့** ❈

၂၀၂၆ ခုနှစ်၊ (၇၈) နှစ်မြောက်

# လွတ်လပ်ရေးနေ့

အထူးထုတ်

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ (တနင်္ဂနွေနေ့)

ကြေးမုံ



# လွတ်လပ်ရေးနှင့် နိုင်ငံသားတိုင်း၏ ကြီးမြတ်သော တာဝန်

■ ခင်ရတနာ

လွတ်လပ်ရေးနေ့သည် မြန်မာနိုင်ငံသားတိုင်း၏ ဘဝင်နှလုံးကိုလှုပ်ခါစေသော၊ မိမိတို့ ဘိုးဘွားတိုင်းရင်းသားအားလုံးတို့က မွန်မြတ်သည့်အသက်သွေးများဖြင့် ရေးထိုးခဲ့သော သမိုင်းဝင်နေ့ဖြစ်သည်။ လွတ်လပ်ရေးနေ့ဟုဆိုလိုက်လျှင် အတိတ်သမိုင်းကို ပြန်လည်အမှတ်ရရုံ၊ လွတ်လပ်ရေးကို အသက်သွေးချွေးဖြင့် အရယူခဲ့သည့် လွတ်လပ်ရေးဗိသုကာကြီးများကို အလေးပြု ဦးညွတ်ရုံဖြင့်မပြီး။ အနာဂတ်နိုင်ငံတော်ကို ပြည်သူတစ်ဦးချင်းစီက အလေးအမြတ်ထား ပုံဖော်ကြရမည့်တာဝန်ကို သတိပြုကြရမည့် နေ့ထူးနေ့မြတ်လည်းဖြစ်သည်။

လွတ်လပ်ခြင်းဟူသည့် စကားလုံးသည် နိုင်ငံ၏ အတိတ်သမိုင်းတွင် ရပ်တန့်မနေဘဲ လက်ရှိကမ္ဘာကြီးအခြေအနေ၊ မိမိတို့နိုင်ငံ အခြေအနေကို သိမြင်ကာ မည်သို့သော တိုင်းပြည်ကို တည်ဆောက်၍ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်မည်နည်း ဆိုသည်ကို ဆက်စပ်ရှုမြင်နိုင်ကြဖို့လည်း လိုအပ်ပါသည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၇၈ နှစ်က ရယူခဲ့သည့် လွတ်လပ်ရေးသည် ယနေ့အတွက် တိုးတက်ဖွံ့ဖြိုးမှု၊ အသိပညာ၊ နည်းပညာနှင့် တိုင်းပြည်သာယာဝပြောမှုတို့ ပေါက်ဖွားရာ မျိုးစေ့ပင်ဖြစ်သည်။ မျိုးဆက်သစ်တိုင်းအတွက် ပညာအခွင့်အလမ်းများ ပြည့်ဝစေပြီး ပြည်သူတိုင်း၏ အသံ ပိုမိုကျယ်လောင်စွာ ထွက်ပေါ်လာစေရန်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ပြီး နည်းစနစ်တကျ မှန်ကန်စွာ တည်ဆောက်ထားသည့် ဒီမိုကရေစီယန္တရား အောင်မြင်စွာ ကျင့်သုံးလည်ပတ်နိုင်ရန် စသည့်၊ စသည့် ကောင်းမွန်သည့် ရည်မှန်းချက်များဖြင့် လွတ်လပ်ရေးကို အဓိပ္ပာယ်ရှိစွာ ကြိုဆိုကြရမည်။ မြန်မာနိုင်ငံသားတိုင်းသည် အတိတ်သမိုင်းကြောင်းကိုနှလုံးသားနှင့်ခံစား၍ အနာဂတ်ကို စနစ်တကျပုံဖော်နိုင်သည့် ဉာဏ်မျက်စိတို့ဖြင့် လွတ်လပ်ရေးနေ့ကို ကြိုဆိုကြရမည်ဖြစ်ပါသည်။

## သမိုင်းကပေးသည့် မမေ့သင့်သောအရာ

မြန်မာ့သမိုင်းသည် သက်ဦးဆံပိုင် ပဒေသရာဇ်စနစ်ကဲ့သို့သော ရွှေရောင်နေ့ရက်များ၊ ကိုလိုနီလက်အောက် ရောက်ရှိခဲ့ရသော နာကျင်ဖွယ်နေ့ရက်များ စသည်ဖြင့် သင်ခန်းစာယူစရာများနှင့် ပြည့်နှက်လျက်ရှိသည်။ တိုင်းရင်းသား ညီအစ်ကိုမောင်ဖွား ဘိုးဘွားတို့က စုပေါင်းအနစ်နာခံမှုဖြင့် အရယူပေးခဲ့သည့် လွတ်လပ်သည့်နိုင်ငံဘဝသို့ ရောက်ရှိခဲ့ပြီး ချိန်မှာ ရွှေရတုကာလကျော်ခဲ့ပြီ။ သို့သော် ယနေ့တိုင် အယူအဆများ ကွဲပြားလျက် စည်းလုံးညီညွတ်မှုမှာ ပွန်းပဲ့တိုက်စားနေဆဲ။

နှစ်ပေါင်းကြာရှည်စွာ တည်ဆောက်ခဲ့သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆောင်ရွက်ချက်များသည် နီးစပ်မှုရှိလာလိုက်၊ ပြန်လည်ဝေးကွာသွားလိုက်ဖြင့် ပြည်တွင်းပဋိပက္ခတို့ ယနေ့တိုင် မငြိမ်းသတ်နိုင်သေး။ ဒေသမငြိမ်းချမ်းသဖြင့် စပါးနှင့် ကောက်ပဲသီးနှံတို့ မစိုက်ပျိုးနိုင်သည့် လယ်မြေလွတ်များ၊ ပိတ်ထားခဲ့ရသည့် စာသင်ကျောင်းများနှင့် ဆေးရုံများ၊ အကြမ်းဖက်သောင်းကျန်းသူများ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ကားလမ်း၊ ရထားလမ်း၊ တံတား၊ တာဝါတိုင်နှင့် မီးတိုင် စသည့် အခြေခံအဆောက်အအုံများ စသည်တို့ကို မြင်တွေ့ရသည်မှာ စိတ်နှလုံးထိခိုက်ဖွယ်ရာပင်ဖြစ်သည်။

ထို့ကြောင့်ပင် လွတ်လပ်ရေးနေ့သည် အတိတ်ကို ပြန်လည်ပြောပြရုံမျှမကဘဲ ထိုနာကျင်မှုများမှရရှိသော သင်ခန်းစာကို အနာဂတ်အတွက် လမ်းပြမီးတိုင်အဖြစ် အသုံးပြုကာ သမိုင်းဝင်သင်ခန်းစာများမှ တစ်ဆင့် ပိုမိုခိုင်မာသော၊ တရားမျှတသော၊ ဥပဒေအပေါ် အခြေခံသည့် စစ်မှန်

အထူးထုတ် [ ၈ ] သို့ »»

❝

လွန်ခဲ့သည့် နှစ်ပေါင်း ၇၈ နှစ်က ရယူခဲ့သည့် လွတ်လပ်ရေးသည် ယနေ့အတွက် တိုးတက်ဖွံ့ဖြိုးမှု၊ အသိပညာ၊ နည်းပညာနှင့် တိုင်းပြည်သာယာဝပြောမှုတို့ ပေါက်ဖွားရာ မျိုးစေ့ပင်ဖြစ်သည်။ မျိုးဆက်သစ်တိုင်းအတွက် ပညာအခွင့်အလမ်းများ ပြည့်ဝစေပြီး ပြည်သူတိုင်း၏အသံ ပိုမိုကျယ်လောင်စွာ ထွက်ပေါ်လာစေရန်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ပြီး နည်းစနစ်တကျ မှန်ကန်စွာတည်ဆောက်ထားသည့် ဒီမိုကရေစီယန္တရား အောင်မြင်စွာ ကျင့်သုံးလည်ပတ်နိုင်ရန် စသည့်၊ စသည့် ကောင်းမွန်သည့် ရည်မှန်းချက်များဖြင့် လွတ်လပ်ရေးကို အဓိပ္ပာယ်ရှိစွာ ကြိုဆိုကြရမည်။ မြန်မာနိုင်ငံသားတိုင်းသည် အတိတ်သမိုင်းကြောင်းကို နှလုံးသားနှင့် ခံစား၍ အနာဂတ်ကို စနစ်တကျပုံဖော်နိုင်သည့် ဉာဏ်မျက်စိတို့ဖြင့် လွတ်လပ်ရေးနေ့ကို ကြိုဆိုကြရမည်

❞



၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အလံတင်အခမ်းအနား ကျင်းပစဉ်။

»»» အထူးထုတ် [ ခ ] မှ

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ ပြည်ထောင်စုကို တည်ဆောက်ရန် သန္နိဋ္ဌာန် ချမှတ်သင့်သည့် အချိန်လည်း ဖြစ်သည်။

**စည်းလုံးခြင်း၏တန်ဖိုး**

လွတ်လပ်ရေး၏ မြစ်ဖျားခံရာသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသား ခေါင်းဆောင်ကြီးများ၏ ပြတ်သားသော ရဲစွမ်းသတ္တိနှင့် စွန့်လွှတ်အနစ်နာခံသည့် ဆောင်ရွက်ချက်များကြောင့်ပင် ဖြစ်ပါသည်။ ဗိုလ်ချုပ်၏ အကြီးမားဆုံးရည်မှန်းချက်မှာ မြန်မာနိုင်ငံကို ကိုလိုနီလက်အောက်မှ အရယူခြင်းသာမက တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး စည်းလုံးညီညွတ်စွာ ပြည်ထောင်စုကြီးအသွင် ထာဝရ ငြိမ်းချမ်းစွာ နေထိုင်နိုင်ရေးဖြစ်သည်။ လွတ်လပ်ရေးကိုရယူရာ၌ ကိုယ်ကျိုးအတ္တများကို စွန့်လွှတ်ပြီး တိုင်းပြည်နှင့် လူမျိုးအကျိုးကို ရှေးရှုခဲ့သော ထိုမြင့်မြတ်သည့် စိတ်ဓာတ်သည် မိမိတို့ အားလုံးအတွက် စံနမူနာထိုက်စွာ အကောင်းဆုံးသော နိုင်ငံချစ်စိတ်နှင့် မျိုးချစ်စိတ်၏ အနှစ်သာရဖြစ်သည်။ ဗိုလ်ချုပ်၏ လမ်းညွှန်မှုသည် တိုင်းရင်းသား သွေးစည်းညီညွတ်မှုနှင့် ဒီမိုကရေစီအခြေခံအုတ်မြစ်ဖြစ်ရာ ထိုမူလတန်ဖိုးများကို မငြိမ်းချမ်းမှု၊ မညီညွတ်မှုတို့ဖြင့် အကျည်းတန်ရန်မသင့်သည်ကို သတိချပ်သင့်ပါသည်။

**နိုင်ငံတော်အလံတော်အောက်ဝယ်**

မိမိတို့ပြည်သူများသည် နိုင်ငံချစ်စိတ်နှင့် မျိုးချစ်စိတ်ဓာတ်ဟူသော မီးတိုင်ကို တကူးတက ရှာဖွေထွန်းညှိစရာမလိုလောက်အောင်ပင် မြန်မာပြည်သူပြည်သားတိုင်း၏ နှလုံးသားတွင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်သည် သဘာဝအတိုင်း ထာဝရထွန်းလင်း တည်ရှိပြီးဖြစ်သည်။ နိုင်ငံတော်၏ အလံတော်အောက်တွင် မည်သူတစ်ဦးတစ်ယောက်မျှ နိုင်ငံရေးတံဆိပ်ကပ်နှိပ်မှုများ၊ လူမျိုးရေးခွဲခြားမှုများဖြင့် ရပ်တည်မနေဘဲ မြန်မာဟူသောစုစည်းမှုအောက်တွင် တစ်စိတ်တစ်ဝမ်းတည်း ရှိနေကြသည့် အချိန်အခါများစွာရှိသည်။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲလူကြိုက်များသည့် ဘောလုံးအားကစားပွဲများသို့ ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းအလုပ်သမားများ ရုံပြည့်ရုံလျှံ အားပေးကြသည်။ မိမိတို့နိုင်ငံအသင်းကို နိုင်စေလိုကြသည်။ အနိုင်ရသည့်ပွဲများ၌ ပြည်သူများက ထပ်တူဝမ်းသာကြသကဲ့သို့ ကံအကြောင်းမလှ၍ အရှုံးပွဲများကြုံရသည့်အခါ စာနာအားပေးကြသည်။ ပြည်ပရောက် မြန်မာအချို့ဆိုလျှင် စက်ရုံယူနီဖောင်းပင် မလဲလှယ်အား။ အားကစားကွင်းသို့ အရောက်လာ၍ မြန်မာအလံများ ဝှေ့ယမ်းအားပေးနေကြသည့် မြင်ကွင်းက နှလုံးမခိုင်သူတို့အဖို့ ဝမ်းနည်းဝမ်းသာဖြစ်ကြရသည့် မြင်ကွင်းပင်။

ထို့အတူ ပြီးခဲ့သည့်ဒီဇင်ဘာလအတွင်းက တောင်ပေါ်မြေပြန့် ပြည်သူအားလုံး ကမ္ဘာကျော် လက်ဝှေ့ပြိုင်ပွဲတစ်ခုကို ကြည့်ရှုအားပေးကြသည်။ တစ်ချိန်က

> **နိုင်ငံရေးပညာရှင်တို့က လွတ်လပ်ရေးကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ နိုင်ငံရေးလွတ်လပ်ခွင့်တစ်ခုတည်းသာမက လူတိုင်း၏ကြိုးပမ်းမှုကို လက်တွေ့အကျိုးဆောင်နိုင်သော မျှတသည့် စီးပွားရေးအခွင့်အလမ်းများ၊ ဂုဏ်သိက္ခာရှိသော လူနေမှုအဆင့်အတန်းနှင့် သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းပိုင်ခွင့်တို့အထိ ကျယ်ပြန့်စွာပါရှိသည်ဟု ဆိုကြသည်။ တောင်သူဦးကြီးမှသည် စွန့်ဦးတီထွင်သူအထိ၊ မြို့ပြမှသည် ကျေးလက်အထိ တန်းတူဖွံ့ဖြိုးခွင့်ရရှိခြင်းသည် လွတ်လပ်ရေး၏ အသီးအပွင့်ကို သာတူညီမျှခံစားနိုင်**



(၃၃)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်နေမှုကို တစ်ခဲနက်လာရောက်အားပေးနေကြသည့် ပရိသတ်များကို တွေ့ရစဉ်။

ဒီမြေမှာနေ၊ ဒီရေကိုအတူသောက်၍ ယခုမြန်မာအလံကို ခြုံလွှမ်းကာ အောင်ပွဲခံနိုင်သူ ချင်းလူငယ်လေး၏ နောက်ကွယ်တွင် အသည်းလှိုက်၊ အူလှိုက် အားပေးဝမ်းသာကြသူများမှာ နိုင်ငံရေးအယူအဆမတူသူ၊ တိုင်းရင်းသားလူမျိုးမတူသူ စသည်ဖြင့် ခွဲခြားခြင်းမရှိ၊ မိမိတို့နိုင်ငံသား အားလုံး ပါဝင်သည်။ မြန်မာဟူသော အလံတော်အောက်တွင် အားကစား အောင်မြင်မှုများကို ထပ်တူစွာ ဝမ်းသာအားရ အားပေးဂုဏ်ပြုကြသည်၊ ရှုံးနိမ့်မှုများတွင်လည်း ထပ်တူဝမ်းနည်းကြေကွဲကြသည်။

ဤသည်ပင်လျှင် လွတ်လပ်ရေးကို အဓိပ္ပာယ်ပြည့်ဝစေသော၊ မည်သူကမျှ ဖျက်ဆီး၍မရသည့် စစ်မှန်သော နိုင်ငံချစ်စိတ်ပင်ဖြစ်သည်။ နိုင်ငံချစ်စိတ်သည် အတိတ်ကို လွမ်းဆွတ်နေရုံသက်သက် မဟုတ်ဘဲ တိုင်းရင်းသားအချင်းချင်း အတူတကွ ပခုံးချင်းယှဉ်၍ အနာဂတ်ကို ဖန်တီးလိုသည့် နှလုံးသား၏ တွန်းအားဖြစ်ပါသည်။ ညီညွတ်မှု၏ ခွန်အားကို တိုင်းရင်းသားအားလုံး စည်းလုံးခြင်းအတွက် ရေသောက်မြစ်သဖွယ် အသုံးပြုသင့်ပြီဖြစ်သည်။

**စစ်ပွဲတို့ရပ်တန့်သင့်ပြီ**

**လွတ်လပ်ရေး၏ အနှစ်သာရကို အကြီးအကျယ် ထိခိုက်စေသော၊ တိုင်းရင်းသားအားလုံး၏ရင်ကို နာကျင်စေသော အဖြစ်အပျက်မှာ အချင်းချင်း မညီညွတ်မှုကြောင့် ပေါ်ပေါက်နေသော ပြည်တွင်းပဋိပက္ခများဖြစ်သည်။ နိုင်ငံ၏ နယ်မြေအချို့ စစ်မီးခိုးတို့ မငြိမ်းနိုင်သေး၊ ကလေးငယ်များ ပညာသင်ယူခွင့်ဆုံးရှုံးခြင်းနှင့် မိဘများသည်လည်း သားသမီးများ၏ အနာဂတ်အတွက် စိုးရိမ်ပူပန်နေခြင်းတို့မှာ လွတ်လပ်ရေး၏ အနှစ်သာရကို နေ့စဉ်နှင့်အမျှ တိုက်စားခံနေရခြင်းပင် မဟုတ်ပါလား။**

ပဋိပက္ခများအတွင်း ပါဝင်ပတ်သက်နေသူများနှင့် လက်နက်စွဲကိုင်ထားသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ကိုယ်ကျိုးအတ္တကို စွန့်ခွာကာ နိုင်ငံတော်၏ အကျိုးစီးပွားကို အဓိကထား၍ မှန်ကန်သည့်လမ်းကြောင်းဖြစ်သော တွေ့ဆုံဆွေးနွေးရေးနှင့် စစ်မှန်သောငြိမ်းချမ်းရေးလမ်းစဉ်ကို အတူတကွ လျှောက်လှမ်းကြရမည့်အချိန် ဖြစ်ပါသည်။ မိမိတို့၏ ရင်သွေးငယ်များသည် သေနတ်သံများအကြားတွင် ကြီးပြင်းရမည့်အစား ပညာသင်ကြားရင်း အနာဂတ်ကို ပုံဖော်ခွင့်ရှိကြရမည်။ လွတ်လပ်ရေးသည် အားလုံးအတွက် ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် တရားမျှတမှုတို့ကို ပေးစွမ်းနိုင်ခြင်းပင်ဟု သတိချပ်သင့်ပါပြီ။

**ဒီမိုကရေစီလမ်းကြောင်းသို့ လားရာ**
**အနာဂတ် မြန်မာနိုင်ငံအတွက်**

စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ လမ်းကြောင်းသည်သာ တိုင်းပြည်ကို ရေရှည်တည်ငြိမ်အေးချမ်းမှုဆီသို့ ခေါ်ဆောင်ပေးမည့် တစ်ခုတည်းသော မှန်ကန်သည့် နည်းလမ်းဖြစ်ကြောင်းကို တိုင်းရင်းသားအားလုံးတို့က ပြတ်သားစွာ ယုံကြည်ကြမည်ဖြစ်ပါသည်။ နိုင်ငံရေးပြဿနာတိုင်း၏ အဖြေသည် လက်နက်ဖြင့် ဖြေရှင်းခြင်းမဟုတ်ဘဲ ပြည်သူ၏ဆန္ဒအမှန်ကို ထင်ဟပ်သော ရွေးကောက်ပွဲဖြင့်သာ ရရှိနိုင်မည်။

မဲပေးပိုင်ခွင့်သည် လွတ်လပ်ရေး၏ အသီးအပွင့်ဖြစ်သည်။ မိမိတို့ နှစ်ပေါင်းများစွာ စောင့်မျှော်ခဲ့ရသည့် အပြောင်းအလဲကို ဖန်တီးနိုင်သော နူးညံ့သိမ်မွေ့၍ ဂုဏ်သိက္ခာရှိသည့် လက်နက်တစ်ခုလည်း ဖြစ်သည်။ စစ်မှန်သော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို အမှန်တကယ် ဦးတည်မည့် ရွေးကောက်ပွဲသည် တိုင်းပြည်၏ အနာဂတ်အတွက် အလွန်အရေးကြီးသည်။ မဲဆန္ဒရှင်တိုင်းက မဲပေးပိုင်ခွင့်ကို တာဝန်သိစွာ အသုံးပြုခြင်းဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပြည်သူ့လက်ထဲတွင် အမှန်တကယ် တည်ရှိသည်ကို ကမ္ဘာကို သက်သေပြရမည့် အချိန်အခါဖြစ်သည်။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ လမ်းကြောင်းသည် ပြည်သူတို့၏ အခွင့်အရေးနှင့် တာဝန်ယူမှုကို ပေါင်းစပ်ပေးသည့် တစ်ခုတည်းသော ရေရှည်တည်တံ့သည့် လမ်းကြောင်းပင်ဖြစ်သည်။

**ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ဖို့**
**နောက်ကျမကျန်စေလို**

ယနေ့ကမ္ဘာကြီးသည် လျင်မြန်စွာ ပြောင်းလဲနေပြီး နိုင်ငံတစ်နိုင်ငံချင်းစီက သီးသန့်ရပ်တည်နေ၍ မရနိုင်တော့။ ကမ္ဘာ့နိုင်ငံတိုင်းသည် ဘုံပြဿနာများဖြစ်သော ရာသီဥတုပြောင်းလဲခြင်း၏ ဆိုးကျိုးများ၊ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးပြိုင်ဆိုင်မှု၊ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းလုပ်သားများအရေး၊ Cyber Security ခြိမ်းခြောက်မှုများနှင့် သတင်းမှားများ၏ ဩဇာလွှမ်းမိုးမှု စသည်တို့ကို ရင်ဆိုင်နေကြရသည်။

ထိုအရာများကို နိုင်ငံများအကြား အပြန်အလှန် ဆွေးနွေးညှိနှိုင်းကာ ကမ္ဘာ့ကိစ္စရပ်များကို ညီညွတ်စွာဆောင်ရွက်သည့် ကမ္ဘာ့အရေးညှိနှိုင်းဆောင်ရွက်မှု (Global Governance)ကို ဦးစားပေးလုပ်ဆောင်လာကြပြီဖြစ်ရာ မိမိတို့နိုင်ငံသည်လည်း တန်းတူအခွင့်အရေးနှင့် တာဝန်ယူမှုတို့ဖြင့် ပါဝင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အရေးကြီးဆုံးမှာ ပြည်သူအားလုံးပါဝင်သည့် ဒီမိုကရေစီ လမ်းကြောင်းကို အခိုင်အမာတည်ဆောက်ရန်လိုအပ်ပြီး တရားဥပဒေစိုးမိုးခြင်း၊ တရားမျှတခြင်းနှင့် တိုင်းရင်းသားအားလုံး ပါဝင်သည့် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကြီးကို အမြန်ဆုံးဖော်ဆောင်ကြခြင်းဖြင့် အမီလိုက်ပါကြသင့်သည်။

**နိုင်ငံရေးပညာရှင်တို့က လွတ်လပ်ရေးကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ နိုင်ငံရေး လွတ်လပ်ခွင့်တစ်ခုတည်းသာမက၊ လူတိုင်း၏ကြိုးပမ်းမှုကို လက်တွေ့အကျိုးဆောင်နိုင်သော မျှတသည့် စီးပွားရေးအခွင့်အလမ်းများ၊ ဂုဏ်သိက္ခာရှိသော လူနေမှု**

အထူးထုတ် [ ဃ ] သို့ »»»




မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်–၂၀၂၅ တွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် လူငယ်တို့၏အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် လူငယ်များ ဆွေးနွေးကြစဉ်။

အထူးထုတ် [ ဂ ] မှ »»»

**အဆင့်အတန်းနှင့် သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်း ပိုင်ခွင့်တို့အထိ ကျယ်ပြန့်စွာပါရှိသည်ဟု ဆိုကြသည်။ တောင်သူဦးကြီးမှသည် စွန့်ဦးတီထွင်သူအထိ၊ မြို့ပြမှသည် ကျေးလက်အထိ တန်းတူဖွံ့ဖြိုးခွင့်ရရှိခြင်းသည် လွတ်လပ်ရေး၏ အသီးအပွင့်ကို သာတူညီမျှခံစားနိုင်ခြင်းဖြစ်ပါသည်။**

**မျိုးဆက်သစ်များ စွမ်းရည်မြှင့်တင်**

လွတ်လပ်ရေး၏ အနှစ်သာရသည် မျိုးဆက်သစ်များ၏ ဉာဏ်ပညာနှင့် စွမ်းရည်အပေါ်တွင် မူတည်ပြီး ကျောင်းသားတိုင်းသည် အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုထက်မက ပိုမိုလိုအပ်နေသည်။ ယခုအခါ ပညာရေးကဏ္ဍတွင် သင်ရိုးညွှန်းတမ်းများကို ခေတ်နှင့်အညီ ပြောင်းလဲခြင်းနှင့် လူငယ်များ၏ ဖန်တီးနိုင်စွမ်း(Creativity)နှင့် ဝေဖန်ဆန်းစစ်တွေးခေါ်နိုင်စွမ်း(Critical Thinking)တို့ကို လှုံ့ဆော်ပေးသော သင်ကြားရေးပုံစံများ ဖန်တီးခြင်း၊ အင်္ဂလိပ်ဘာသာစကားနှင့် ဒစ်ဂျစ်တယ်သိနားလည်မှု(Digital Literacy)တို့ကို အခြေခံအုတ်မြစ်အဖြစ် တည်ဆောက်ပေးခြင်းတို့ကို နိုင်ငံတော်အစိုးရက ကြိုးပမ်းလျက်ရှိရာ ကျောင်းသား ကျောင်းသူတိုင်းကလည်း နိုင်ငံတကာနှင့် ဆက်သွယ်နိုင်သော ပေါင်းကူးတံတားကို ကိုယ်တိုင်တည်ဆောက်ကြရမည်။

နည်းပညာသည် နိုင်ငံတစ်နိုင်ငံ၏ စွမ်းရည်ကို တိုင်းတာသည့်စံနှုန်း ဖြစ်လာနေရာ လူငယ်များအနေဖြင့် နည်းပညာကို အသုံးပြုတတ်ရုံမက နည်းပညာဖန်တီးသူများ(Creators)အထိ ကြိုးပမ်းကြရမည်။ ထိုနည်းတူ အင်ပြည့်အားပြည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်သည် လူ့စွမ်းအားအရင်းအမြစ်၏ အခြေခံအုတ်မြစ်ဖြစ်ပြီး လူတိုင်း အရည်အသွေးမီ ကျန်းမာရေးဝန်ဆောင်မှုကို လက်လှမ်းမီနိုင်ရန်၊ ကလေးများနှင့် မိခင်များ၏ကျန်းမာရေးကို ဦးစားပေးကာကွယ်စောင့်ရှောက်နိုင်ရန် နိုင်ငံတော်က ကျန်းမာရေးကဏ္ဍကို မြှင့်တင်ပေးလျက်ရှိသကဲ့သို့ ပြည်သူများအနေဖြင့် ကျန်းမာကြံ့ခိုင်သည့် လူငယ်များအဖြစ် ကြိုးစားတည်ဆောက်နေထိုင်ကျင့်ကြံရန် လိုအပ်သည်။

စီးပွားရေးကဏ္ဍတွင်လည်း နိုင်ငံတစ်ဝန်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာစေရန်နှင့် စီးပွားရေးမျှတမှု (Economic Fairness)ကို တိုင်းရင်းသားဒေသများအထိရောက်ရှိစေရန် ပိုမိုကြိုးပမ်းကြရမည်ဖြစ်ပါသည်။

**ပြည်ထောင်စု၏ အသက်သွေးကြော ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး**

ငြိမ်းချမ်းရေးသည် အတိတ်က အမှားများကို အတူတကွ ဖြေရှင်းတတ်သည့် လူမှုအသိုက်အဝန်းကို တည်ဆောက်ခြင်းဟု နိုင်ငံရေးသုတေသီများက ဆိုကြသည်။ ငြိမ်းချမ်းရေးသည် တောင်းဆိုရမည့်အရာမဟုတ်ဘဲ တိုင်းရင်းသားအချင်းချင်း အပြန်အလှန် လေးစားတန်ဖိုးထားမှုကို အခြေခံကာ ယုံကြည်မှုတည်ဆောက်ခြင်းပင်ဖြစ်သည်။

ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲခြင်းသည် အရေးကြီးဆုံး အခြေခံလုပ်ငန်းစဉ်ဖြစ်ပြီး ထိုမှတစ်ဆင့် စားပွဲဝိုင်းတွင် အဖြေရှာခြင်းဖြင့် တိုင်ပင်ညှိနှိုင်းမှုကို အဓိကထားသည့် ငြိမ်းချမ်းရေးယဉ်ကျေးမှု (Peace Culture)ကို မြှင့်တင်ကြရန် လိုအပ်သည့်အပြင် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းမှုရှိခြင်း၊ တိုင်းရင်းသားလူမျိုးစုအားလုံး၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးနိုင်ခြင်း၊ တိုးတက်မှုများစွာကို တိုင်းရင်းသားအားလုံး မျှတစွာခံစားခွင့်ရှိခြင်း စသည်တို့မှာ လွတ်လပ်ရေး၏ အနှစ်သာရကို အသက်ဝင်စေမည့် အရာများပင်ဖြစ်ပါသည်။

> **ကမ္ဘာ့အောင်မြင်သောနိုင်ငံများသည် လွတ်လပ်ရေး၏ အဓိပ္ပာယ်ကို ထိန်းသိမ်းရုံသာမက ရာဇဝင်ထဲမှ ဖီးနစ်ငှက်ပမာ ပြန်လည်ရှင်သန် ဦးမော့လာနိုင်ကြသည်ကို မြင်တွေ့ရသည်။ ဥပမာအားဖြင့် ဒုတိယကမ္ဘာစစ်အပြီးတွင် ဂျာမနီနိုင်ငံသည် စီးပွားရေးနှင့် လူမှုရေးအရ အကြီးအကျယ်ပျက်စီးခဲ့သော်လည်း အတိတ်ကိုသင်ခန်းစာယူကာ စနစ်ကျသည့် ပညာရေးကို မြှင့်တင်ခြင်း၊ နည်းပညာကဏ္ဍတွင် ပိုမိုရင်းနှီးမြှုပ်နှံခြင်းတို့ဖြင့် လျင်လျင်မြန်မြန်ပင် နာလန်ထူလာခဲ့သည်။ ဂျာမနီသည် စစ်ပွဲအနာတရများကို စည်းကမ်းနှင့် ပညာရေးမြှင့်တင်ခြင်းဖြင့်ကုစားကာ မနေမနား အတူရုန်းကန်ကြိုးစားခြင်းဖြင့် ပြန်လည်ရပ်တည်မှုရရှိခဲ့**

**ကမ္ဘာ့အောင်မြင်သော နိုင်ငံများသည် လွတ်လပ်ရေး၏ အဓိပ္ပာယ်ကို ထိန်းသိမ်းရုံသာမက ရာဇဝင်ထဲမှ ဖီးနစ်ငှက်ပမာ ပြန်လည်ရှင်သန် ဦးမော့လာနိုင်ကြသည်ကို မြင်တွေ့ရသည်။ ဥပမာအားဖြင့် ဒုတိယကမ္ဘာစစ်အပြီးတွင် ဂျာမနီနိုင်ငံသည် စီးပွားရေးနှင့် လူမှုရေးအရ အကြီးအကျယ် ပျက်စီးခဲ့သော်လည်း အတိတ်ကို သင်ခန်းစာယူကာ စနစ်ကျသည့် ပညာရေးကိုမြှင့်တင်ခြင်း၊ နည်းပညာကဏ္ဍတွင် ပိုမိုရင်းနှီးမြှုပ်နှံခြင်းတို့ဖြင့် လျင်လျင်မြန်မြန်ပင် နာလန်ထူလာခဲ့သည်။ ဂျာမနီသည် စစ်ပွဲအနာတရများကို စည်းကမ်းနှင့် ပညာရေးမြှင့်တင်ခြင်းဖြင့် ကုစားကာ မနေမနား အတူရုန်းကန်ကြိုးစားခြင်းဖြင့် ပြန်လည်ရပ်တည်မှုရရှိခဲ့သည်။**

ထို့အတူ မိမိတို့၏ အာဆီယံအဖွဲ့ဝင် စင်ကာပူနိုင်ငံသည် တရားဥပဒေစိုးမိုးရေး၊ ခိုင်မာသည့် အုပ်ချုပ်ရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးခဲ့သည်။ ထိုနည်းဗျူဟာကြောင့် အာရှ၏ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် တက်လှမ်းနိုင်ခြင်းဖြစ်သည်။ ထို့အတူ ၁၉၄၄ ခုနှစ် ပဋိပက္ခများအပြီး ရဝမ်ဒါနိုင်ငံသည် အလဲလဲအပြိုပြို အခြေအနေမှ ပြန်လည်သင့်မြတ်ရေးနှင့် အဂတိလိုက်စားမှုကင်းစင်သော အုပ်ချုပ်ရေးကို မနေမနား ဆောင်ရွက်ခဲ့သည်။ နိုင်ငံသားတို့၏ စည်းလုံးညီညွတ်မှုနှင့် စည်းကမ်းလိုက်နာခြင်းက အတိတ်ကာလ နာကျင်စရာများကို ကျော်ဖြတ်၍ နိုင်ငံကို အမှန်တကယ်ပင် မြှင့်တင်နိုင်သည်ကို မြင်တွေ့ရသည်။

ဘူတန်နိုင်ငံဆိုလျှင် နိုင်ငံဖွံ့ဖြိုးမှုကို တိုင်းတာရာမှာ GDP(Gross Domestic Product)ထက် GNH(Gross National Happiness) အမျိုးသားပျော်ရွှင်မှုကို အလေးထားသော လူမှုအသိုင်းအဝိုင်းပုံစံကို လက်ခံကျင့်သုံးသည်။ အေးချမ်းသာယာလှပေစွ။ ထို့ကြောင့် စီးပွားရေးတန်ဖိုး၊ လူ့စွမ်းအားအရင်းအမြစ်တန်ဖိုးများနှင့်အတူ ယဉ်ကျေးမှုတန်ဖိုးနှင့် လူမှုဘဝတည်ငြိမ်ရေး တန်ဖိုးတို့ကိုလည်း နိုင်ငံ၏အရေးကြီးသည့်အစိတ်အပိုင်းများအဖြစ် ကျင့်သုံးကြခြင်းဖြင့် ထိုနိုင်ငံတို့တွင် အောင်မြင်မှု မလွဲမသွေရရှိကြသည်။

**အနာဂတ်ကို ပုံဖော်မည့်ကတိ**

လွတ်လပ်ရေးနေ့သည် **“ယခုကစ ပိုမိုကောင်းမွန်သည့် အနာဂတ်ကို အတူတကွ တည်ဆောက်ကြမည့် ကတိသစ္စာပြုသည့်ရက်”**အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုသင့်သည်။ တိုင်းပြည်အနာဂတ်သည် အလိုလိုရရှိလာမည်မဟုတ်ဘဲ ပြည်သူတစ်ဦးချင်းစီ၏ အားထုတ်မှု၊ ရဲစွမ်းသတ္တိနှင့် ဉာဏ်ပညာတို့ဖြင့် ဖန်တီးရမည့် ရောင်စုံပန်းချီကားတစ်ချပ်ဟု ဆိုနိုင်သည်။

ထိုသို့ဖန်တီးရာတွင် ရွေးကောက်ပွဲများ၌ တာဝန်သိမဲဆန္ဒရှင်၊ စာသင်ခန်းများတွင် အားထုတ်စူးစမ်းလေ့လာသူ၊ လုပ်ငန်းခွင်အတွင်း တီထွင်ကြံဆ အပတ်တကုတ်ကြိုးပမ်းသူ၊ ကျေးလက်နှင့် မြို့ပြကွာဟမှုကို ထိန်းကျောင်းကျဉ်းမြောင်းစေသည့် လုပ်ငန်းရှင် စသည်ဖြင့် ကျရာတာဝန်ကျေပွန်အောင် ထမ်းဆောင်ကြရမည်။ နိုင်ငံရေးသမားများနှင့် လက်နက်ကိုင်ဆောင်သူတို့မှာမူ ငြိမ်းချမ်းရေးအတွက် ပြောဆိုမှုတိုင်းနှင့် တိုင်းရင်းသားချင်း လက်တွဲလုပ်ကိုင်မှုတိုင်းကို အုတ်တစ်ချပ်ချင်းစီချနေခြင်းဟု မှတ်ယူလုပ်ဆောင်ကြသင့်သည်။

မီးရှူးတန်ဆောင်နှင့် တူညီသည့် နိုင်ငံချစ်စိတ်ကို စည်းလုံးညီညွတ်မှုခွန်အားအဖြစ်မှတ်ယူကာ ဂုဏ်သိက္ခာရှိသည့် မြန်မာနိုင်ငံကို ကမ္ဘာ့စင်မြင့်ပေါ်တွင် ပုံဖော်ကြပါစို့။ လွတ်လပ်ရေးနေ့သည် သမိုင်းအမွေအနှစ်အပြင် အနာဂတ်တည်ဆောက်ရေးအတွက် မိမိတို့ပြည်သူအားလုံး၏ ပခုံးထက်မှ ကြီးမြတ်သောတာဝန်ကို ခံယူလိုက်နာ အလေးထားဆောင်ရွက်ကြရမည့် နေ့ထူးနေ့မြတ်ပင်ဖြစ်ပါကြောင်း။ ။